mgyoe.com SAMPLE BOOK



# ဘကယ်ဒါ
# သူဖော်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK



စကြဝဠာ အနန္တအတွင်း၌ မြူမှုန်မျှသာဖြစ်သော
ဤကမ္ဘာပေါ်မှ လူတစ်ယောက်အကြောင်းသည်
နှစ်ပေါင်း ၁၀၀ အတွင်း ပျောက်ပြယ်သွားရမည်မှာ
သေချာပါသည်။
ထိုအခါ ရုပ်ရှင်မင်းသမီး တစ်ယောက်မျှသာဖြစ်သော
ဒေါ်ရွှေစင်၏အကြောင်းသည့် တော်တော်သေးသိမ်သည့်
အလျောက် ကျွန်တော် ပြောပြနေရသည်ကိုပင်
ရှက်ရွံ့မိပါတော့သည်။
မည်သို့ပင်ရှိစေ၊ နှစ်ပေါင်း ၁၀၀ အတွင်း၌
အသက်ရှင်လျက်ရှိသော ကျွန်တော်သည်
ဒေါ်ရွှေစင်၏အကြောင်းကို
ပြောပြချင်နေမိပါသည်။
လူသားတို့သည် အလွန် လေးနက်သောအချိန်၌
လောကကြီးကို အသေးဆုံးမြင်ပြီး
အလွန်ပေါ့တန်သောအချိန်၌ လောကကြီးကို
အကြီးမားဆုံး မြင်တွေ့တတ်ကြသည်
မဟုတ်ပါလား။

ISBN 9789997136473
THU29
9 789997 136473
MMK9,000.00

mgyoe.com

mgyoe.com SAMPLE BOOK

အကယ်ဒမီ၊ သုမောင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၆၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးဝန်ညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ မေလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၈၀၊ ပြည်ညွန့်စာပေ၏ ပထမအကြိမ်မှ

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

## | ၁ |

မိမိကိုယ်မိမိ ရူးနေသည်ဟု ထင်နေသော စိတ္တဇဝေဒနာသည်မျိုးသည် ဤလောက၌ ရှိကုန်၏။

မရူးသော်လည်း ရူးနေသည်ဟု ကိုယ့်ဘာသာကိုယ် ထင်မှတ်နေသော ရောဂါသည် စိတ္တဇရောဂါများတွင် တစ်ခုအပါအဝင်ဖြစ်သည်ဟူ၍လည်း ကြားဖူးနားဝရှိနေပါသည်။

မည်သို့ပင်ရှိစေ၊ လူတိုင်းသည် အနည်းနှင့်အများ ဆိုသလို စိတ္တဇဝေဒနာ တစ်ခုမဟုတ်တစ်ခုရှိနေသည်ဟူသော ကမ္ဘာ့စိတ္တဇဝေဒနာနှင့် ပတ်သက်သည့် အဆိုအမိန့်ကို လက်ခံရပေမည်။

ထိုအခါ အထက်၌ ဆိုခဲ့သော အကြောင်းအရာသည် အသေးအဖွဲမျှသာ ရှိပေတော့မည်။

ထိုအခါ ဒေါ်ရွှေစင်နှင့်ပတ်သက်၍ ပြောပြခဲ့သော အကြောင်းအရာများ သူ့၏စိတ္တဇဝေဒနာနှင့် သူ့ဘဝသည် ဤလောကကြီး၏ အသေးငယ်ဆုံးသော အကြောင်းတရား တချို့မျှသာဖြစ်သည်ဟူ၍ နားလည်ကြပါကုန်လော့။

မည်မျှ ကျော်ကြား အောင်မြင်သည်ဖြစ်ပါစေ၊ မည်မျှဂုဏ်သရေကြီးမြင့်ပါစေ၊ မည်မျှချမ်းသာပါစေ၊ မည်မျှဆင်းရဲပါစေ...

mgyoe.com

mgyoe.com SAMPLE BOOK


စကြဝဠာ အနန္တအတွင်း၌ မြူမှုန်မျှသာဖြစ်သော ဤကမ္ဘာပေါ်မှ လူတစ်ယောက်အကြောင်းသည် နှစ်ပေါင်း ၁၀၀ အတွင်း ပျောက်ပြယ်သွားရမည်မှာ သေချာပါသည်။

ထိုအခါ ရုပ်ရှင်မင်းသမီး တစ်ယောက်မျှသာဖြစ်သော ဒေါ်ရွှေစင်၏အကြောင်းသည် တော်တော်သေးသိမ်သည့်အလျောက် ကျွန်တော် ပြောပြနေရသည်ကိုပင် ရှက်ရွံ့မိပါတော့သည်။

မည်သို့ပင်ရှိစေ၊ နှစ်ပေါင်း ၁၀၀ အတွင်း၌ အသက်ရှင်လျက်ရှိသော ကျွန်တော်သည် ဒေါ်ရွှေစင်၏အကြောင်းကို ပြောပြချင်နေမိပါသည်။

လူသားတို့သည် အလွန် လေးနက်သောအချိန်၌ လောကကြီးကို အသေးဆုံးမြင်ပြီး အလွန်ပေါ့တန်သောအချိန်၌ လောကကြီးကို အကြီးမားဆုံးမြင်တွေ့တတ်ကြသည်မဟုတ်ပါလား။

✦

mgyoe.com

mgyoe.com SAMPLE BOOK

# ၂

ဒေါ်ရွှေစင် ဆေးရုံမှ ဆင်းသောအခိုက်ဖြစ်၏။ ဆေးရုံဆိုသည်မှာ စိတ္တဇဆေးရုံကို ဆိုလိုပါသည်။

"ကျွန်မကိုယ်ကျွန်မတော့ ရောဂါမပျောက်သေးဘူးလို့ ထင်နေတာပဲ ဆရာရယ်"

ဤသို့ ဒေါ်ရွှေစင်က ပြောသောအခါ ဆရာဝန်ကြီးက အသံထွက် ရယ်လိုက်လေသည်။ ဒေါ်ရွှေစင်ကို သရော်သည်တော့မဟုတ်၊ ကရုဏာ သက်သွားခြင်းသာဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ဒေါ်ရွှေစင်၏အပြုအမူသည် အနည်းငယ်မျှ ရိုင်းပျသော အထက်တန်းစား အထည်ပျက်ကြီးတို့ အမူအပြုမျိုးဖြစ်နေ သောကြောင့်ပင်ဖြစ်၏။

ယခု ဒေါ်ရွှေစင် ဆေးရုံအုပ်ကြီးထံ ရောက်လာခြင်းမှာ လက်ထောက် ဆရာဝန်များကို ကောင်းကောင်းမယုံကြည်သောကြောင့်မှန်း ဆေးရုံအုပ်ကြီး က သိထား၏။

ဒေါ်ရွှေစင်ကို တာဝန်ကျ ဆရာဝန်က သည်နေ့ ဆေးရုံမှ ဆင်းခွင့် ပေးထား၏။ ဒါကို သူ မကျေနပ်။ ရောဂါမပျောက်သေးဘဲ ပြီးပြီးစလွယ် လုပ်သည်ဟုထင်ပြီး ဆေးရုံအုပ်ကြီးထံ စောဒကလာတက်၏။

mgyoe.com

mgyoe.com SAMPLE BOOK



"နေစမ်းပါဦး ဒေါ်ရွှေစင်ရဲ့၊ အခု ဘယ်လိုခံစားနေရလို့လဲ"

"ကျွန်မကိုယ် ကျွန်မတော့ သိတယ်၊ ပြောမပြတတ်ဘူး၊ ကျွန်မ ဒီအတိုင်းနေရင် ရူးသွားလိမ့်မယ်ရှင်"

ဆရာဝန်ကြီးသည် အတွေ့အကြုံများသူပီပီ အခြေအနေကို မျက်နှာကဲကြည့်ရုံဖြင့် သိလိုက်၏။ သည်လိုလူမျိုးကို အလိုလိုက်ပြီးပြောမှ ရမည်ကိုလည်း သိ၏။

"ကဲ... ကဲ... ကျွန်တော် ထပ်စမ်းသပ်ပေးမယ် ဟုတ်လား"

တကယ်တော့ ဆရာဝန်ကြီးသည် သူ့လက်ထောက်များကို ယုံကြည်၏။ သူတို့ လိုအပ်သည်များကို လုပ်ဆောင်ပြီးဖြစ်၏။ သို့သော် ဆရာဝန်ကြီးသည် ဒေါ်ရွှေစင် ကျေနပ်အောင် ထပ်မံ စမ်းသပ်ပေးလေသည်။

"ခင်ဗျား နေကောင်းနေပါပြီ ဒေါ်ရွှေစင်၊ စိတ်ချမ်းသာ လက်ချမ်းသာ သာ ဆေးရုံက ဆင်းပါ။ တစ်ခုရှိတာက ကိုယ့်မှာ ရောဂါမရှိဘဲ ရှိတယ်လို့ ထင်နေတာမကောင်းဘူး။ ကြာရင် တကယ်ရောဂါဖြစ်လာလိမ့်မယ်။ ဒီတော့... ကိုယ့်ကိုယ်ကိုယ် ယုံကြည်လာအောင် ပထမ ကြိုးစား၊ အနားယူ၊ အိပ်ရေးဝအောင်အိပ်၊ ဘာမှမစဉ်းစားနဲ့ ဟုတ်ပလား"

သည်တော့လည်း ဒေါ်ရွှေစင်သည် ချက်ချင်းပင် စိတ်ကျေနပ်မှု ရသွားပြန်လေ၏။ သူ့အမူအရာသည် စောစောကလို စိတ်ခုတ်ကျနေမှုမျိုး မဟုတ်တော့၊ အားရ ရွှင်လန်းသော အမူအရာမျိုးဖြစ်လာ၏။ (ရုပ်ရှင် မင်းသမီးကလည်း ရုပ်ရှင်မင်းသမီးမဟုတ်လား။)

ဒေါ်ရွှေစင်နှင့် ဆရာဝန်ကြီးသည် အခြားသော အာလာပ သလ္လာပ စကားများကို ထိုင်ပြောနေကြလေ၏။ သို့သော် သူ့အကြောင်းတွေသာ များနေ၏။

"အခုလည်း ဆေးရုံကို မဖြစ်နိုင်လွန်းလို့သာ လာတက်ရတာ၊ ရှက် လိုက်တာ လွန်ရော"

"ဆေးရုံတက်တာ ရှက်စရာမဟုတ်ပါဘူးဗျာ"

"ဩော်... ကျွန်မက မင်းသမီးမဟုတ်လား၊ မင်းသမီးဆိုတာက လူမြင်မခံနိုင်လေ တန်ဖိုးရှိလေ ဆရာရဲ့။ ပြီးတော့ ဒီလို ဆေးရုံမျိုးမှာမှ

mgyoe.com

m.g.y.o.e. .c.o.m SAMPLE BOOK


လာတက်ရတယ်ဆိုတော့ စာစောင်တွေ ဘာတွေက ရေးလိုက်ရင် ကျွန်မတော့ ရှက်တာနဲ့ သေမှာ"

"စာစောင်တွေဆိုတာလည်း ဒေါ်ရွှေစင်တို့နဲ့ ကင်းတာမှမဟုတ်ဘဲလေ။ လူမှုရေးအရ တားပေါ့"

"ဒါတော့ မပူနဲ့ ဆရာရေ့၊ ကျွန်မဆိုရင် သူတို့ ဖျားပြီးသား ဟင်း... ဟင်း"

ဆရာဝန်ကြီးသည် အလိုက်သင့် ရယ်မောပေးလိုက်လေသည်။

"တစ်ခုတော့ ရှိတယ် ဒေါ်ရွှေစင်ရဲ့၊ ဒီဆေးရုံမျိုး တက်ရလို့ ပိုပြီး ရှက်စရာကောင်းတယ်ဆိုတာတော့မဟုတ်သေးဘူး။ ဆေးရုံဆိုတာ ရောဂါဖြစ်လာတဲ့လူကို ကုသပေးနေတဲ့ နေရာပဲ။ မွန်မြတ်တဲ့နေရာပါ။ ပြီးတော့... စိတ္တဇရောဂါဆိုတာလည်း အလွန် သိမ်မွေ့စွာ ကုရတဲ့ ရောဂါမျိုး၊ အရူးထောင် ... အရူးထောင်ဆိုတဲ့ အစွဲအလမ်းကို ဖျက်ဆီးပစ်ဖို့ ကောင်းနေပါပြီဗျာ..."

ဒေါ်ရွှေစင် အနည်းငယ် သဘောပေါက်သွားပုံရလေသည်။ သို့သော် ခေါင်းမာတုန်းလည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်ရွှေစင်သည် ဤလောက၌ သူ့လောက် နာမည်ကြီးသူ၊ ချမ်းသာသူမရှိသေးဟု ထင်နေသောကြောင့်ဖြစ်ပါသည်။

မည်သို့ပင်ရှိစေ၊ စကားပေါင်းများစွာကို ပြောဆိုပြီးကြသောအခါ ဆရာဝန်ကြီးသည် နားလည်မှုကို ရရှိသွားလေသည်။

(၁) ဒေါ်ရွှေစင်သည် တစ်ချိန်က ရွှေထီးဆောင်းခဲ့ရသော ဘဝကို တသသနှင့် ပြောဆိုမဆုံး ရှိနေခြင်း။

(၂) ထို့နည်းတူ မိမိနောက်မှ စင်မြင့်ပေါ်ရောက်လာသော လူငယ်မင်းသမီးလေးများအပေါ် မနာလို တိုရှည်ဖြစ်နေခြင်း။

(၃) မိမိ၏အလှအပ နေဝင်ခါနီးအချိန်အထိ သူ အလွန်မျှော်လင့်သော အကယ်ဒမီ ရွှေစင်ဆုကို မရရှိနိုင်သေးခြင်း။

(၄) အချစ်ငတ်နေခြင်း။

မှန်သည်။ အချစ်ငတ်သည်ဆိုရာ၌ ဒေါ်ရွှေစင်သည် ယခုတိုင် အိမ်ထောင်ပျက်ဘဝ၌ နေလျက်ရှိသည်။ သူ့ခင်ပွန်းသည် လွန်ခဲ့သော

m.g.y.o.e. .c.o.m

mgyoe.com SAMPLE BOOK


၁၅ နှစ်တာ ကာလကတည်းက (သူ့ မင်းသမီးဖြစ်စ) တစ်ဦးတည်းသော သမီးကလေး ဖြူဖြူ့ကိုခေါ်လျက် အိမ်မှ ဆင်းသွားခဲ့သည်။ သူတို့လင်မယား၌ ကြီးမားသော ပြဿနာမရှိပါ။ အသက်အရွယ် ကွာခြားလွန်းခြင်းကြောင့် အတွေးအခေါ် အယူအဆများမှအစ လူမှုရေးကိစ္စအဝဝတို့၌ ကွာဟလာရသည်။ ထိုသည်ပင် သူတို့အိမ်ထောင်ရေးကို ကတိမ်းကပါးဖြစ်စေခြင်းဖြစ်သည်။ ဤမျှလောက် ပြောပြလျှင် ရှင်းလောက်ပါပြီ။

ဒေါ်ရွှေစင်၏ ခင်ပွန်းသည် သမီးလေးဖြူဖြူ ခုနစ်နှစ်သမီးအရွယ်တွင် အိမ်ပေါ်မှ ဆင်းသွားခဲ့သည်မှာ မှုးလို့မှရှူစရာမရှိအောင် တိမ်းရှောင် ပျောက်ကွယ်နေခဲ့သည်။

ဒေါ်ရွှေစင်သည် ဤသို့အားဖြင့် အချစ်ငတ်ခဲ့ရသည်။ သူသည် ရုပ်ရှင်အလုပ်ကို အလွန်ချစ်သည်။ ချစ်သည့်အလျောက်လည်း ရုပ်ရှင်သမားတို့၏ သိက္ခာကို အတတ်နိုင်ဆုံး စောင့်စည်းသည်။ ပတ်ဝန်းကျင်၏ အရိုးစွဲနေသော၊ အမြင်စာစ်ခုဖြစ်သော ရုပ်ရှင်မင်းသမီးကို မိန်းမပျက်သဘောသဘောထားနေခြင်းကို အပြတ်ဆန့်ကျင်သည်။ ဒေါ်ရွှေစင်နှင့်ပတ်သက်၍ ရုပ်ရှင်လောကတွင် ညစ်ပတ်သောအကြောင်းများ လုံးဝ သတင်းအနံ့မထွက်ခဲ့။ တိတ်တိတ်ကလေးပင် မတိတ်တိတ်ခဲ့ဖူးပါ။

ထိုအခါ ဘာပဲဖြစ်ဖြစ် နည်းနည်းတော့ ဖြစ်မိသည်သာ။ နည်းနည်းဖြစ်မိသည်ဆိုသည်မှာ စိတ်၌ ဖြစ်မိသည်ကို ဆိုလိုခြင်းပါ။ လက်တွေ့ကို မဆိုလိုပါ။ လက်တွေ့မပါသော စိတ်ဝေဒနာသည် သူ့ကို အလွန်နှောက်ကျူစေပါတော့သည်။

ပြီးတော့ ဟိုကိစ္စ။ ဟိုကိစ္စဆိုသောကြောင့် တခြား ချော်မတွေးလိုက်ပါနှင့်။ သမီးလေး ဖြူဖြူကိစ္စကို ဆိုလိုပါသည်။ သမီးလေးကို သူ ချစ်သည်။ ဒါကတော့ ပြောစရာပင် လိုသောကိစ္စမဟုတ်ပါ။ အမေသည် သမီးကို ချစ်ရမည်ပ။

သို့သော်...။

"ငါ့သမီးကို မင်းနဲ့မထားခဲ့နိုင်ဘူး"

"အစ်ကိုကြီးသမီးတင်ပဲလား၊ ကျွန်မ သမီးလည်း ကျွန်မ သမီးပဲ"

"ဘာပဲဖြစ်ဖြစ် မင်းနဲ့ မထားခဲ့နိုင်ဘူး"

mgyoe.com

 mgyoe.com SAMPLE BOOK 

"ဘာကြောင့်လဲ"

"မင်း စဉ်းစားစမ်း၊ မင်းက ရုပ်ရှင်မင်းသမီး၊ အေး... မင်း ဘယ်လောက်ပဲ သန့်ရှင်းတဲ့ မင်းသမီးမျိုးဖြစ်ပစေ။ မင်း အသိုင်းအဝိုင်းထဲမှာ သမီးကို မထားနိုင်ဘူး"

"ရုပ်ရှင်အသိုင်းအဝိုင်းဟာ ယုတ်ညံ့တဲ့ အသိုင်းအဝိုင်းမဟုတ်ပါဘူး အစ်ကိုကြီး"

"ငါ သိတယ်၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်က အလေးအနက်သိပ်မထားချင်တဲ့ အသိုင်းအဝိုင်းထဲမှာ သမီးကို မကြီးပြင်းစေချင်ဘူး"

ဒေါ်ရွှေစင် စဉ်းစားသည်။ ရင်နာစွာ စဉ်းစားသည်။ သူ့ခင်ပွန်းစကားမှန်သည်။ ရုပ်ရှင်ကို အထင်သေးထားကြသည်မှာ အစဉ်အလာဖြစ်နေပြီ။ ပြင်မရတော့။ ရုပ်ရှင် အနုပညာကို လူတကာတို့ အလေးအနက်ပြုလာဖို့ရာ အချိန်တွေ စောင့်ရဦးမည်။ နှစ်ပေါင်း ရာချီပြီး ကြာချင်လည်း ကြာမည်။ ရုပ်ရှင်သမားတွေ ကိုယ်တိုင်၌ကပါ ပြုပြင်မှုရမည်။

သည်တော့ သူ့ခင်ပွန်းသည်စကားကို သူ လက်ခံလိုက်ရတော့သည်။ မျက်ရည်စက်လက်ဖြင့် လက်ခံလိုက်ရသည်။

သည့်နောက်ပိုင်း ၁၅ နှစ်လုံးလုံး သမီးနှင့် မတွေ့ရတော့ပါ။ ကြာတော့လည်း မေ့ထားလိုက်ရသည်သာ။

သည်လိုနှင့် အချစ်ငတ်နေသော ရောဂါလည်း သူ့မှာ စွဲကပ်လာတော့သည်။

မည်သို့ပင်ရှိစေ နာမည်ကြီးခြင်း၊ စိတ်ငြိမ်းချမ်းစွာ မထားနိုင်ခြင်း၊ အချစ်ငတ်ခြင်း စသော စိတ်လှုပ်ရှားမှုများစွာကြောင့် ခုလို သူ့အရိုန်အဝါကျစ (အရွယ်ကျစ) ကာလများတွင် စိတ်ဝေဒနာ မသိမသာ ခံစားလာရတော့သည်။

စိတ်ဓာတ်များလည်း ကျဆင်းလာသည်။ တစ်ဆက်တည်းမှာပင် မခံချင်စိတ်ကြောင့် အနုပညာသည်ချင်း ရန်လုပ်ချင်သော သဘာဝများဖြစ်ပေါ်လာပြန်သည်။

မင်္ဂလာတရား (၃၈) ပါးတွင် နောက်ဆုံးမင်္ဂလာ လေးပါးကို သူသည် လုံးဝ ဆန့်ကျင်နေမိတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK


သူသည် ကြောက်ရွံ့တုန်လှုပ်၏။ တွေးတော စိုးရိမ်၏။ အရာရာကို မက်မော တွယ်တာ၏။ ငြိမ်းချမ်းသောစိတ်ကို မမွေးမြူနိုင်။

*

ဆရာဝန်ကြီးသည် သူနှင့် အတန်ကြာ စကားပြောပြီးသောအခါ ဒေါ်ရွှေစင်၌ ဆေးကုသခံယူရလောက်အောင် စိတ္တဇဝေဒနာမရှိ၊ သို့သော် သာမန်လူသားတချို့ကဲ့သို့ စိတ်ယောက်ယက်ခတ် လွယ်လွန်းခြင်းသာ ရှိနေ၏ဟူ၍ နားလည်သွားလေသည်။ ဆရာဝန်ကြီးသည် အကောင်းဆုံး သော စကားများကို နောက်ဆုံး ပြောလိုက်လေသည်။

"ကဲ… ဒေါ်ရွှေစင်၊ ကျွန်တော်ပေးလိုက်တဲ့ ဆေးဝါးတွေကိုလည်း စားပါ၊ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ပါ၊ စိတ်ကို အရမ်းကာရော လွှတ်မပစ်နဲ့။ အလွန်အမင်းလည်း ထိန်းချုပ်မထားနဲ့။ မျှတတဲ့စိတ်နဲ့ အေးချမ်းစွာနေပါ"

"ဟုတ်ကဲ့၊ ကျွန်မ ကြိုးစားပါ့မယ်"

"အဲ… ပြီးတော့ ကျွန်တော့်ကိုလည်း မိတ်ဆွေရင်းချာလို သဘောထားပြီး ပေါင်းပါ။ နောက်ပြီး ခင်ဗျား ရုပ်ရှင်ရိုက်တာကို ကျွန်တော် အားရက် ကြုံရင် လိုက်ကြည့်ချင်တယ်"

ဒေါ်ရွှေစင် ပြုံးသွား၏။ ကျေနပ်စွာ ပြုံးခြင်းဖြစ်၏။ ဆရာဝန်ကြီး ကလည်း သည်အချက်ကို သိသည်။ ဒေါ်ရွှေစင် လိုချင်သည်မှာ သည်အချက် ဖြစ်၏။ သူသည် သူ့ကိုယ်သူ ရုပ်ရှင်မင်းသမီးတစ်ယောက်အဖြစ်မှ သေသည် အထိ လျှော့မချချင်။ မာနကြီးသည်။ ထိုနည်းတူ လူတကာ၏ အရေးစိုက် ခြင်းကိုလည်း ခံမင်သည်။

သည်အချက်ကို ဆရာဝန်ကြီးက တို့လိုက်ခြင်းပင်ဖြစ်ပါသည်။ အကောင်းဆုံးနှင့် အသင့်တော်ဆုံး ဆေးဝါးပင်မဟုတ်ပါလား။

"ဟာ… ဒါဆိုရင် ကျွန်မကိုယ်တိုင် လာခေါ်ပါ့မယ် ဆရာ။ လာမယ့် တနင်္ဂနွေနေ့မှာ ကားအသစ်တစ်ကား ကျွန်မ လက်ခံထားတာ ကန်တော့ပွဲ ပေးရှိနေတယ်။ ကျွန်မက မိထွေးခန်း၊ ဆွေဇင်ထိုက်က သမီးခန်း"

"ကျွန်တော်လည်း အားပါတယ်လေ၊ လိုက်ခဲ့ပါ့မယ်"

mgyoe.com

m g y o e . c o m  SAMPLE BOOK 

"အင်း... ဟဲ... ဟဲ ကျွန်မတို့ ရုပ်ရှင်စကားနဲ့ကတော့ ဝက်ခုတ်တာပေါ့လေ။ ငွေကြေးများများရလို့သာ လက်ခံလိုက်ရတာ၊ စိတ်တော့ သိပ်မပါလှဘူး။ ဆရာပဲ စဉ်းစားကြည့်လေ၊ ကျွန်မနဲ့ ဆွေဇင်ထိုက်ဆိုတာ ဘာဆိုင်လို့လဲ။ သူက ခုမှ တက်သစ်စရှိသေးတာ။ ဒါပေမဲ့၊ စောစောက ပြောသလို ဝက်လည်းခုတ်ရင်း... ပြီးတော့ ဒီချာတိတ်မကိုလည်း အပြတ်အသတ် လုပ်ပြလိုက်ချင်လို့"

သည်တစ်ခါ ဆရာဝန်ကြီးက ပြုးလေသည်။

*

မည်သို့ပင်ရှိစေ၊ ဒေါ်ရွှေစင်၏ရောဂါသည် လုံးဝပျောက်ကင်းနေပါပြီ။ သူ့စိတ်ကို သူ အေးချမ်းစွာထားနိုင်ဖို့သာ လိုတော့သည်။ ဆရာဝန်ကြီးသည် ဆေးရုံမှ ထွက်ခွာသွားသော ဒေါ်ရွှေစင်ကို ကရုဏာသက်စွာကြည့်ရင်း သက်ပြင်းချ၏။

တစ်ဆက်တည်းပင် သူ့ဘာသာသူ စိတ်ထဲက ပြောလိုက်လေသည်။

"အကယ်ဒမီ ရလောက်တဲ့ ဇာတ်ကားမျိုး ဒေါ်ရွှေစင့်တစ်ယောက် နောက်ထပ်မရိုက်မိပါစေနဲ့"

✦

m·gyoe.com

mgyoe.com SAMPLE BOOK

# ၂

ဆရာဝန်ကြီးသည် ဤသို့လျှင် ဘာကြောင့် ဆုတောင်းရသည်ကို ရှင်းပြဖို့ လိုလိမ့်မည်ထင်ပါသည်။ ရှင်းပြပါမည်။

*

ရုပ်ရှင်လောကတွင် အကယ်ဒမီပေးသောပွဲဟူ၍ ရှိလေသည်။ အရေးပါသော ကဏ္ဍ၌ ရှိနေပါသည်။

ထိုပွဲသည် ပြဿနာတော်တော်ဖြစ်ရသော ပွဲမျိုးဖြစ်၏။ ပြဿနာဆိုရာ၌ လက်တွေ့၊ ခြေတွေ့၊ ခြေမတွေ့၊ ဖနောင့်တွေ့ တွေ့သော ပွဲမျိုးကားမဟုတ်ပါ။

စိတ်ဓာတ်များ ပြဿနာဖြစ်ရသော ပွဲမျိုးဖြစ်ခြင်းကို ဆိုလိုပါသည်။ တစ်ယောက်နှင့်တစ်ယောက် မနာလိုဖြစ်ကြ၊ ရယ်ပြကြ။ တစ်ယောက်နှင့်တစ်ယောက် အားရဝမ်းသာဖြစ်ကြ၊ မဲ့ပြကြ၊ ဆန့်ကျင်ဘက်တို့ အကြီးအကျယ် ပေါင်းစပ်ရာဒေသဖြစ်လေသည်။

မည်သို့ပင်ရှိစေ၊ ထိုအကယ်ဒမီပွဲသို့ ရောက်ရှိကြကုန်သော လူကြီးလူကောင်း၊ သူတော်စင် - သူမြတ်လောင်း၊ သပ္ပုရိသအပေါင်းတို့သည် ထိုမည်သော အကယ်ဒမီ ရွေးချယ်ဆုကို မက်မောကြသည်မှန်း အားလုံးသိရှိ

mgyoe.com

mgyoe.com SAMPLE BOOK


သဘောပေါက်ပါသည်။

သည်ကိုစ္စ ညာမရ။

တချို့က အကယ်ဒမီကို အလွန်မြတ်နိုး၏။ (ရိုးသားစွာ)

တချို့က ဘာသိဘာသာပင် ထဲား၏။

တချို့ကတော့ အကယ်ဒမီကို ရှုး၏။

တချို့ကတော့ အကယ်ဒမီကို မုန်း၏။ (မရိုးသားစွာ)

တချို့ကတော့ ရယ်စရာအလွန်ကောင်းသည်၊ အကယ်ဒမီကို ချစ်သည်လား မုန်းသည်လား သူတို့ဘာသာလည်း မသိ။ အကယ်ဒမီကို ရှုတ်ချရုံသာ သိသည်။ ဘာပဲဖြစ်ဖြစ် သူတစ်ထူးတို့ ရရှိသော (လူအများ စိတ်ဝင်စားဖွယ်) ပစ္စည်းကို ရှုတ်ချလိုက်ရလျှင် ပြီးရောဟူသည့်သဘောဖြင့် အကယ်ဒမီမှန်သမျှကို ရှုတ်ချနေ၏။ ထိုသူကို မုန်းရာသည်။

လူသည် ရိုးသားဖို့လိုသည်။

ဆိုလိုသည်မှာ ထိုကဲ့သို့ စိတ်ဓာတ်များ ပျက်ပြားကြခြင်းကို ဖြစ်ပါသည်။

အကယ်ဒမီရွှေစင်သည် ရုပ်ရှင်သားထုတစ်ရပ်လုံးကို အနည်းနည်းဖြင့် စိတ်လှုပ်ရှားစေသည်ကတော့ အသေချာဆုံးသော အရာဖြစ်ပါသည်။ (ရသူဖြစ်စေ၊ မရသူဖြစ်စေ။)

ဒေါ်ရွှေစင်သည် ရွှေစင်ဆု အကယ်ဒမီကို အလွန်ရှုးသော ရုပ်ရှင်မင်းသမီးကြီးဖြစ်ပါသတည်း။

သူသည် ရုပ်ရှင်မင်းသမီးဖြစ်ကတည်းက အကယ်ဒမီဟု လူသိများသော၊ ကျော်ကြားသော ရွှေစင်ဆုကို မက်မက်မောမောရှိခဲ့ပါသည်။ သနားဖို့ကောင်းသလို၊ စိတ်ပင်ပန်းဖွယ်လည်း ကောင်းပါသည်။

အကယ်ဒမီဆုကို လွန်စွာစိတ်ဝင်စားကြကုန်သော လူများအဖို့ ဆုပေးပွဲနီးလေ၊ ပြဿနာတက်လေလေဖြစ်ရတတ်သည်။ လွန်စွာစိတ်ဝင်စားခြင်းမရှိသူများလည်း ပြဿနာတက်ရမြဲဖြစ်သည်။ သို့သော် စိတ်ဝင်စားသူတို့ ပို၍ခံရတတ်သည်။

အခြားမဟုတ်။

အကယ်ဒမီပွဲ နီးပြီဆိုလျှင် ဟိုမှ သည်မှ တယ်လီဖုန်းလာတတ်ခြင်းပင်

mgyoe.com

mgyoe.com SAMPLE BOOK


ဖြစ်၏။

အကယ်ဒမီပွဲ၌ အစဉ်အလာရှိပါသည်။ အကယ်ဒမီဆုကို မည်သူ မည်ဝါအား ပေးအပ်မည်ဟု ကြိုတင် အသိပေးထားခြင်းမရှိခြင်းပင်ဖြစ်သည်။ ဟိုရောက်မှ...။ ဟိုရောက်မှ ဆိုသည်မှာ ဆုပေးပွဲရောက်မှ ဖြုန်းစားကြီး အသိပေးပြီး လူပေါင်းများစွာကို အံ့ဩသွားစေခြင်းဖြစ်သည်။

ထိုအစဉ်အလာနှင့်ပတ်သက်၍ မည်သို့မျှ ပြောဆိုရန် အကြောင်းမရှိသော်လည်း ရုပ်ရှင်လောကသားတို့အဖို့ကား ပြဿနာ။

ရှင်းပြပါမည်။ စောစောကပြောသလို အကယ်ဒမီရွေးချင်ဆုပေးပွဲနီးလျှင် သက်ဆိုင်ရာဌာန လူကြီးများထံမှ တယ်လီဖုန်းနှင့်ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ၊ ဆုရရှိသူများထံသို့ ဆက်သွယ်ခြင်း ပြုတတ်ကြ၏။

ကျန်းမာရေးဂရုစိုက်၊ အရက်သေစာ ရှောင်ကြဉ်ထား၊ အနေအထိုင်ဆင်ခြင်... စသဖြင့်။

အကြောင်းမှာ ဆုရမည့်သူအတွက် သိက္ခာ ဣန္ဒြေ စသော လူမှုရေးကိစ္စများ မချွတ်ယွင်းစေရန်လည်းကောင်း၊ ဆုပေးပွဲသို့ မတက်ဖြစ်လိုက်မည်စိုးသောကြောင့်တစ်ကြောင်း ဖြစ်လေသည်။

မင်းတော့ဖြင့် ဆုရလိမ့်မယ် စသဖြင့် တိုက်ရိုက်ဖွင့်မပြောသော်လည်း သက်ဆိုင်ရာ လူကြီးများက လိုအပ်သလို သွယ်ဝိုက်အသိပေးခြင်းသဘောဖြစ်လေသည်။ လုံးဝ အသိမပေးပြန်လျှင်လည်း ဆုရမည့်သူ ဆုပေးပွဲမတက်ဖြစ်သော ပြဿနာများ ကြုံနိုင်ပေသည်။

ထိုကဲ့သို့သော ကြိုတင်အသိပေးမှုမျိုးသည် ရုပ်ရှင်တစ်နယ်လုံးတွင် အလိုလို သိပြီးသား အမှုကိစ္စဖြစ်နေပါပြီ။ စောစောစီးစီး ကြိုတင်ပြီး မသိနိုင်သော်လည်း ဆုပေးပွဲ ရက်ပိုင်းအလိုလောက်တွင် အထက်ပါအတိုင်း လူကြီးများထံမှ ဆက်သွယ်မှုကို ရရှိလေသည်။

ထိုအကြောင်းကို အဘယ်ကြောင့် ဖွဲ့နွဲ့ပြောပြနေရပါသနည်း။ ဘာဖြစ်လို့ပါနည်း။

စောစောကပြောသော အကယ်ဒမီဆု ရရှိမည့်သူထံသို့ တယ်လီဖုန်းအားဖြင့် လူကြီးများထံမှ အဆက်အသွယ်ပြုတတ်ကြောင်းကို ရုပ်ရှင်လုပ်သားများသာမက ပြင်ပ ကလေကချေ လုပ်သားများကပါ သိကြ၏။

mgyoe.com

mgyoe.com SAMPLE BOOK


ကလေကချေလုပ်သားများဟု ဆိုရာ၌ အလုပ်မရှိ ၁၀၉၊ ၁၁၀ များကို ဆိုလိုပါသည်။ လူမှုရေး ကင်းမဲ့လောက်အောင် နောက်ပြောင်တတ်သူများကို ဆိုလိုပါသည်။

ထိုထူးဆန်းသော သံတ္တဝါများသည် အကယ်ဒမီပွဲနီးလျှင် အများ ပြည့်သူများက ထင်ကြေးပေးနေသော၊ ကားရိုက်များသော၊ မျှော်လင့်ချက် ရှိသော မင်းသား မင်းသမီးများထံသို့ တယ်လီဖုန်းဆက်၍ 'ကျွန်တော်က ဘယ်သူ ဘယ်ဝါ၊ ဘယ်ဌာနကပါ' စသဖြင့် ပြောဆိုပြီး 'ခင်ဗျား ဒီနှစ် ဆုယူဖို့ အစီအစဉ်လုပ်ပြီးပြီလား' ဘာညာ ကွိကွ လုပ်တတ်ကြ၏။

မိမိကိုယ်မိမိ ထင်ထားသော မင်းသား၊ မင်းသမီးမှာ အနည်းနှင့် အများဆိုသလို စိတ်လှုပ်ရှားကြရတော့သည်သာ။

ဤနေရာတွင် ပြဿနာတစ်ခုရှိပါသေးသည်။ အကယ်ဒမီပွဲနီးလျှင် တစ်နှစ်လုံး ပြသခဲ့သော ဇာတ်ကားများထဲမှ လက်ရွေးစင် ရွေးပြီး မော်ကွန်း ရုပ်ရှင်မှနေ၍ ကားထုပ်များကို ကူးယူ၏။ (အစိုးရစရိတ်ဖြင့်) ထိုသို့ မော်ကွန်းရုပ်ရှင်မှ ကူးယူသော ဆန်ခါတင် ဇာတ်ကားများသည် အကယ်ဒမီ ဆုရရန် များစွာနီးစပ်သည်ဟု ယူဆရလေသည်။

ကောင်းပြီ။ စောစောက ပြောသလို တယ်လီဖုန်းဖြင့် အနှောင့်အယှက် ခံရသောကြောင့် မင်းသား၊ မင်းသမီးတို့သည် မော်ကွန်းရုပ်ရှင်မှ အသစ် ကူးယူသော ကားထုပ်များထဲတွင် ပါဝင်ခဲ့သူဖြစ်ပါက ထမင်းစားရတော့ မလိုလို၊ ဝမ်းသွားရတော့မလိုလို ဖြစ်ကုန်ကြရတော့သည်သာ။

သည်ကြားထဲမှာ သတင်းတွေကလည်း ပေါက်တတ်ကရ ဟိုမှ သည်မှ တစ်စစီ ထွက်ပေါ်လာတတ်လေရာ တချို့သရုပ်ဆောင်များဆိုလျှင် မဏ္ဍပ်တိုင်တက်ရတော့မလိုလို၊ အိမ်သာကျင်းတူးရတော့မလိုလို ဖြစ်ကုန် ကြတော့၏။

ရှက်စရာကောင်းသလို သနားစရာလည်းကောင်းသော အခြေအနေ မျိုးဖြစ်ပါသည်။ အရူးလုပ်ခံရခြင်း၊ နှပ်ပစ်ခံရခြင်းကဲ့သို့ဖြစ်လေသည်။

သည်ကြားထဲမှာ ကိုယ့်ရုပ်ရှင်နယ်သူနယ်သားချင်း အမနာပ ထိုကဲ့သို့ နောက်ပြောင်ကြခြင်းမျိုးကလည်း ရှိတတ်သေးသည်။

တော်ရုံတန်ရုံ အကယ်ဒမီ မက်မောသူများအဖို့ကား မသက်သာ

mgyoe.com

mgyoe.com SAMPLE BOOK

လှပေ။

အဆိုးရွားဆုံးနှင့် သနားစရာအကောင်းဆုံးကား မိမိကိုယ်မိမိလည်း ထင်ထားသည်။ ပတ်ဝန်းကျင်ကလည်း ထင်ကြေးပေးနေကြသည်။ မိမိပါဝင်သော ဇာတ်ကားကို ပရိသတ်ကလည်း အားပေးချီးမြှင့်သည်။ မော်ကွန်းရုပ်ရှင်ကလည်း ထိုဇာတ်ကားကို ကူးယူသည် စသည့် အကယ်ဒမီနှင့် အလွန်နီးစပ်သော အကြင်ပုဂ္ဂိုလ်သည် အကယ်ဒမီ ရွှေစင်ဆုကို အလွန်မြတ်နိုးခုံမင်သူဖြစ်ပါဘိမူ လူးလိမ့်နေအောင် ခံရပြီသာမှတ်ပေတော့။

*

သည်နှစ် အကယ်ဒမီ ဆုနှင်းသဘင်သည် မနှစ်က ပြသခဲ့သော မြန်မာရုပ်ရှင်ကားများထဲမှ ကောင်းနိုးရာရာကို ရွေးချယ်ပြီး သင့်လျော်သည့် ဆုများကို ပေးအပ်ခြင်းဖြစ်၏။

မနှစ်က ပြသခဲ့သော ဇာတ်ကားများထဲတွင် ဒေါ်ရွှေစင် ပါဝင်သော ဇာတ်ကား ငါးကားရှိခဲ့၏။ ထိုငါးကားတွင် ဝင်ငွေကောင်းသော သုံးကား ပါဝင်ပြီး ထိုသုံးကားထဲမှာပင် တစ်နှစ်အတွင်း ဝင်ငွေစံချိန် အမြင့်ဆုံးတစ်ကား ပါဝင်နေပြန်၏။

သူ ပါဝင်သော ငါးကားစလုံးသည် ဒေါ်ရွှေစင်၏ သရုပ်ဆောင်ချက်ကို ပရိသတ် မချီးကျူးဘဲ မနေနိုင်အောင် ကောင်းသော ဇာတ်ကားများသာ ဖြစ်ကြလေသည်။ ထိုဇာတ်ကားထဲမှ ဝင်ငွေ စံချိန်ချိုးသော ဇာတ်ကားနှင့် အခြားဇာတ်ကားတစ်ကားမှာ မော်ကွန်းရုပ်ရှင်မှ တကူးတကန့် ကူးယူရသော အဆင့်ထိ ရောက်ခဲ့လေသည်။ ပရိသတ်များကလည်း ဒေါ်ရွှေစင်ကို အားပေးကြ၏။ ထင်ကြေးပေးကြ၏။ (အကယ်ဒမီ) လုပ်ဖော်ကိုင်ဖက် ရုပ်ရှင်သမားများကလည်း ဒေါ်ရွှေစင်ကို အကယ်ဒမီမင်းသမီးဖြစ်ပြီဟူ၍ သတ်မှတ်ကြ၏။ (မြှောက်ပင့်ကြ၏။)

အရေးကြီးဆုံးမှာ ခုနတွင်က ပြောခဲ့သော တယ်လီဖုန်း လက်သံရမ်းခဲ့သူများကလည်း သရမ်းခဲ့ကြခြင်းဖြစ်၏။

ထိုအချက်များကို ပေါင်းစည်းလိုက်သောအခါ ဒေါ်ရွှေစင် ဘဝင်နှလုံး ရွှင်ပြုံးမိလေတော့သည်မှာ အပြစ်မရှိပါချေ။

mgyoe.com

mgyoe.com SAMPLE BOOK


ရုပ်ရှင်လောကတွင် အကျင့်တစ်ခုရှိလေ၏။

ထိုအကျင့်မှာ အကယ်ဒမီဆုရလျှင် နီးစပ်ရာ၊ ပြီးတော့... မနီးစပ်ရာ၊ နီးစပ် မနီးစပ် ကြုံရာလူကို ဖိတ်ကြားပြီး ရွှေစင်ဆုရ တပြုပြုံ လုပ်တတ်ကြ၏။ ကျွေးမွေးဧည့်ခံခြင်းတည်းဟူသော အထိမ်းအမှတ်ပွဲမျိုး လုပ်တတ်ကြ၏။ သည်အတွက် ပျော်ရွှင်မှု စိတ်အလိုကိုလိုက်ကာ ငွေကုန်ကြေးကျ ခံကြ၏။ နှမြောတွန့်တိုခြင်း အလျှင်းမရှိချေ။ ယူမျှားပင် ယူလိုက်ချေသေး၏။ (ဂုဏ်ယူခြင်းကို ဆိုလိုပါသည်။)

မည်သို့ပင်ရှိစေ၊ ဤသို့သော အမှုကိစ္စမျိုးကို အကယ်ဒမီ ရသူတိုင်းသည် ဆုယူလာပြီး ညတွင်းချင်းပင် ပြုလုပ်ကျွေးမွေးလိုကြ၏။ ပူပူနွေးနွေး ရွှေစင်ဆုကလေးကို လူငွေ့ မပျောက်ခင် ပြသ ကြွားဝါဂုဏ်ယူလိုတတ်ကြသည်မှာ ဓမ္မတာသဘောပင်မဟုတ်ပါလား။

*

ဒေါ်ရွှေစင်သည် အကယ်ဒမီကို အလွန်လိုချင်ခဲ့သည်မှာ ကြာပါပြီ။ ကြာသည်မှာ ရုပ်ရှင်မင်းသမီးမဖြစ်ခင်ကတည်းက ဖြစ်ပါသည်။ သူ၏အမည်ရင်းမှာ ခင်ခင်ကြီးဖြစ်ပါသည်။ သို့သော် ရုပ်ရှင်မင်းသမီးလုပ်မည်ဟူ၍ စဉ်းစားပြီးကတည်းက သူ့ကိုယ်သူ မင်းသမီးလုပ်သည့်အခါ ရွှေစင်ဟူသော မင်းသမီးအမည်ကို ယူမည်ဟူ၍ ဆုံးဖြတ်ထားခဲ့ပါသည်။

အဘယ်ကြောင့်ဆိုသော် ရွှေစင်ရုပ်ဆုကို အမွှန်အမြတ်ထားသော ကြောင့်ပင်ဖြစ်ပါသည်။ နောက်တစ်ကြောင်းမှာ သူတို့အိမ်ရှေ့မှ မိသားစု ဘုန်းကြီးက သူ မင်းသမီးလုပ်မည်ဆိုသောအခါ ဓာတ်ရိုက် ဓာတ်ဆင် သဘောဖြင့် ထိုအမည်ကိုပင် ပေးခဲ့ခြင်းဖြစ်၏။

စောစောက ပြောသလို အကယ်ဒမီဆုနှင့်ပတ်သက်၍ အကြီးအကျယ် စိတ်ကူးယဉ်ခဲ့သလောက် ဇာတ်ကားပေါင်း ၄၀ ကျော် ရိုက်ခဲ့ပြီးသည်အထိ ရွှေစင်ဆုနှင့် ကင်းကွာနေခဲ့ရ၏။ သို့သော် သူ စိတ်မပျက်။ ကြိုးစား၏။ ကြိုးစားသလောက်လည်း သူပါဝင်သမျှ ကားတွင် သူ့ပျော့ကွက်မရှိခဲ့၏။

သို့သော် ထိုက်သင့်သော အခြေအနေအထိ မရောက်ခဲ့။ ထို့ကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK

ဝမ်းနည်းစွာ ကြိုးစားခဲ့ရ၏။ မည်သို့ပင်ရှိစေ၊ ရွှေစင်ဆု (အကယ်ဒမီ) ပေးပွဲ နီးပြီဆိုလျှင် ရင်ခုန်ရစမြဲ ဖြစ်နေရလေသည်။

သည်နှစ် ဆုပေးပွဲ နီးသောအခါ ပိုပြီး စိတ်လှုပ်ရှားရ၊ ရင်ခုန်ရခြင်း အကြောင်း ပြောပြခဲ့ပြီးပါပြီ။

သူပင် ဆုရလိမ့်မည်ဟု ပတ်ဝန်းကျင် တစ်ခုလုံးက ယုံကြည်လက်ခံ ထားကြသလို စာစောင် မဂ္ဂဇင်းများကလည်း သူ့ကိုပင် တစ်ဦးတည်းသော ခေါင်းဆောင်မင်းသမီးဆု ရရှိမည့်သူဟူ၍ ထင်ကြေးပေးကြပါသည်။

အခြေအနေ အရပ်ရပ်သည် အလွန်နီးစပ်နေလေသည်။

ထို့ကြောင့် ဒေါ်ရွှေစင်သည် သူ စီစဉ်စရာရှိသည်ကို ကြိုတင်စီစဉ် လေသည်။

အခြားမဟုတ်၊ သူ ဆုယူပြီး ပြန်လာလျှင် နီးစပ်ရာ မိတ်သင်္ဂဟကို ကျွေးမွေးဧည့်ခံ ဂုဏ်ယူ ရယ်ပြ ပြုလုပ်ရန် စီစဉ်ရခြင်းဖြစ်လေသည်။

ထိုနေ့ မတိုင်ခင်က ဒေါ်ရွှေစင် အလွန်အလုပ်များ၏။ ဆုယူရန် အတွက် မိမိကိုယ်မိမိ ပြင်ရ ဆင်ရသည်ကလည်း နည်းနည်းနောနောမဟုတ်။ မိန်းမလျာတစ်ယောက် ခေါ်ပြီး ဆံပင် မိတ်ကပ် ပြင်ရ ဆင်ရသည်ကတစ်မျိုး၊ ရှိပြီးသား ဝတ်စုံတွေ မကြိုက်၍ ဗိုလ်ချုပ်ဈေးကို ပြေးရသည်ကတစ်မျိုး၊ သူ့တိုက်ခန်းကို ဧည့်သည်ဆောင်သည်များ လာရောက်ကြသည့်အခါ နေရာထိုင်ခင်း ခန်းဆီးလိုက်ကာမှအစ ပြင်ရ ဆင်ရပြန်သည်။

ချက်သူ ပြုတ်သူများကို ညွှန်ကြားရေး စီမံပေးရသည်ကလည်း သူ ဝါသနာပါသော အလုပ်။

သူ့အား ချီးမွမ်းထောမနာသာပြုပြီး ကဲ့ရဲ့ရှုတ်ချခြင်း ပြုမည်မဟုတ် သော မိတ်သင်္ဂဟများကိုလည်း တယ်လီဖုန်းဖြင့်တစ်သွယ်၊ မော်တော်ကား ဖြင့် တစ်ဖုံ ဖိတ်ကြားရသည်များလည်း ပါရှိသည်။

ဒေါ်ရွှေစင်သည် သနားစရာကောင်းလောက်အောင် အလုပ်ရှုပ်သွား ခဲ့ရသည်။ ခေါင်းများပင် ကိုက်ကုန်ရလေသည်။

ဆုပေးပွဲ သွားရသောအခါမှာတော့ ပြောမနေကြပါနှင့်တော့။ ခုန်လိုက်ရတဲ့ ရင်။ လှပ်လှပ်... လှပ်လှပ်။

သူ ဆုပေးခန်းမထဲ ဝင်လိုက်လျှင်ပင် လူအားလုံးက ထင်ကြေး

mgyoe.com

m.gyoe.com SAMPLE BOOK


အမျိုးမျိုးဖြင့် လည်ပြန်ကြည့်ယူရသည်။ ခေါင်းနားပန်းများပင် ကြီးသွားလေသလား ထင်ရသည်။

သို့သော်…၊

ထိုမျှလောက် 'သို့သော်' လိုက်လျှင်ပင် လူကြီးမင်း သိသာလောက်ပြီ ထင်ပါသည်။

*

ဒေါ်ရွှေစင်သည် ပွဲခင်းထဲမှာပင် မူးမေ့လဲကျသွားလေတော့သတည်း။

သည်နှစ် ရွှေစင်ဆုတွင် အမျိုးသမီးဇာတ်ဆောင် ခေါင်းဆောင်မင်းသမီးအတွက် အကောင်းဆုံးသရုပ်ဆောင် ရွှေစင်ဆု မပါ။

ပို၍ဆိုးသည်မှာ ကြေညာချက် ဖတ်ပြရာတွင် 'ယခုနှစ် ရွှေစင်ဆုပေးအပ်ချီးမြှင့်ပွဲတွင် အမျိုးသမီး သရုပ်ဆောင် ခေါင်းဆောင် မင်းသမီးအတွက် ဆုချီးမြှင့်ရလောက်အောင် ကျေနပ်ဖွယ်ရာ မတွေ့ရပါသောကြောင့်' ဟု ဆိုလိုသည့်စကားမျိုး ပါရှိနေခြင်းပင်ဖြစ်ပါသည်။

*

စဉ်းစားကြည့်စရာပင် မလိုအပ်တော့ပါ။ အခြေအနေ အရပ်ရပ်ကို သုံးသပ်ကြည့်ပါလျှင် ဒေါ်ရွှေစင်တစ်ယောက် စိတ္တဇဆေးရုံသို့ ထိုနေ့ ညဦးပိုင်းမှာပင် ရောက်ရှိသွားနိုင်စရာ များစွာရနေပြီကို သိသာနိုင်ပါသည်။

ဟိုမှာ သုံးရက် ကြာပါသည်။

✦

m.gyoe.com

mgyoe.com SAMPLE BOOK

# ၄

ယနေ့ ရုပ်ရှင်ရိုက်ရှိသည်။ စိန်မောင် စတူဒီယိုတွင်ဖြစ်သည်။ ဒေါ်ရွှေစင် ပါဝင်သည်။

သူ အခု ကျန်းမာရေးပြန်ကောင်းနေပါပြီ။ ရုပ်ရှင်သမားတွေကို တွေ့လျှင် ရှက်နေသောရောဂါတစ်ခုသာ သူ့ထံမှ ပျောက်ဖျက်ခါချ၍ မရနိုင်ခြင်းရှိတော့သည်။

သည်နေ့ ကားရိုက်တွင် မင်းသားကြီး ဝင်းဦးလည်း ပါသည်။ မင်းသားကြီးနှင့် ဒေါ်ရွှေစင်က ဇနီးမောင်နှံဖြစ်ပြီး သူတို့သားများဖြစ်သော ကျော်ဟိန်းနှင့် ထွန်းထွန်းဝင်းတို့က ဒေါ်ကြည်ကြည်ဌေး၏ ခြေး (ခင်သန်းနု၏ သမီး) စောမြသန္တာကို အပြိုင်ပိုးရာမှ ပြဿနာဖြစ်ရသော ဇာတ်လမ်းဖြစ်သည်။ (အပြိုင်ကြီးကြတော့မည့် သဘောရှိသည်။)

ဘာပဲဖြစ်ဖြစ် စိတ်ဝင်စားစရာကောင်းနေပါသည်။ အထူးသဖြင့် ဒေါ်ရွှေစင်သည် ဝင်းဦး၊ ခင်သန်းနု၊ ကြည်ကြည်ဌေး၊ ကျော်ဟိန်း၊ ထွန်းထွန်းဝင်း၊ စောမြသန္တာတို့ကို **ဘိ(တ်)** လုပ်ဖို့ ကြိုးစားနေလေသည်။ စောမြသန္တာကို ဖယ်ထား၊ ကျန်သုံးယောက်စလုံးသည် အားလုံး အကယ်ဒမီသမားချည်းဖြစ်သည်။ **ဘိ(တ်)** လုပ်ချင်သည်။ **ဘိ(တ်)** ဆိုရာ၌ တခြားဟာ ချော်မတွေးလိုက်ကြပါနှင့်။ အင်္ဂလိပ်လို (Beat)၊ မြန်မာလို ဖိနှိပ်ဖြတ်ပိုင်းဖို့

mgyoe.com

mgyoe.com
SAMPLE BOOK


ကို ဆိုလိုပါသည်။

သည်ကိစ္စနှင့်ပတ်သက်၍ သူ မှန်ပါသည်။ သူတို့ကို ဘိ(တ်) လုပ်နိုင်မှ သူ့နာမည် မမှေးမှိန်ဘဲ ရှိလေတော့မည်။ ဘာပဲဖြစ်ဖြစ် ပြိုင်သူရှိမှ နိုင်သူရှိမည် မဟုတ်ပါလား။

ပြီးတော့ သည်နေ့ ပိုအရေးကြီးသည်။ သည်နေ့က စောစောက ပြောသော အိုက်တာခေါ် သရုပ်ဆောင် အကြီးစားကြီးများ အကုန်လုံးစုံသည့် အခန်းဖြစ်သည်။ ဇာတ်ကလည်း ဇာတ်သိမ်းခန်းဖြစ်သည်။

*

စိန်မောင် စတူဒီယိုသည် ရုပ်ရှင်လည်း ရိုက်လို့ရသည်။ အသံလည်း သွင်းလို့ရသည်။ ထို့ကြောင့် သည်နေ့ ရုပ်ရှင်ရိုက်လို့ပြီးလျှင် မင်းသားကြီး ဝင်းဦးက ဇာတ်ဝင်သီချင်းကြီး သီချင်းခံတစ်ပုဒ်ကို ဆိုမည်။ အသံသွင်းမည်။

ထွန်းထွန်းဝင်းကလည်း ခေတ်မပေါ့တပေါ် သီချင်းတစ်ပုဒ်ကို ဆိုမည်။ အသံသွင်းမည်။

ကျော်ဟိန်း။ ကျော်ဟိန်းအစား ခေတ်ပေါ်တေးအဆိုတော် (စတီရီယို အဆိုတော်) ဇေအောင်ဇေကို ခေါ်ယူပြီး သီဆိုခိုင်းရသည်။

ဇေအောင်ဇေသည် နာမည်ရခါစ စတီရီယို အဆိုတော်ဖြစ်၏။ အမည်ရင်းမှာ ဇေအောင်ဇေ မဟုတ်ပါ။

သို့သော် သူ့ကို ခေတ်လူငယ်အများစုကတော့ 'ဇေဇေ' ဟူ၍ အသိအမှတ်ပြုထားကြလေသည်။ ဟောလိဝုဒ်မှာဆိုလျှင် သည်လိုပဲ အဖျားဆွတ် ခေါ်ဝေါ်တတ်ကြပါသည်။

ဆိုပါစို့... ဘရစ်ဂျစ်ဘားဒေါ့ဆိုလျှင် ဘီဘီ၊ ကလော်ဒီယာ ကာဒီနေး ဆိုလျှင် စီစီ၊ ရောဘတ်ရက်ဖို့ဒ်ဆိုလျှင် အာ–အာ၊ ဂျူလီယာနိုးဝမ်းမားဆိုလျှင် ဂျေ–ဂျေ။

သည့်နည်းတူ ဇေအောင်ဇေကိုလည်း လူငယ်ထုက ဇေဇေဟူ၍ အသိအမှတ်ပြုထားခြင်းဖြစ်၏။

သူ့အမည်ရင်းမှာ မောင်ဗလ ဖြစ်လေသည်။

မောင်ဗလဆိုသော အမည်မှာ မည်မျှ မြန်မာဆန်ပြီး မည်မျှ ခေတ်မမီ

mgyoe.com

mgyoe.com SAMPLE BOOK

တော့သည်ကို အားလုံးသိကြပါလိမ့်မည်။ ထို့ကြောင့် သည်နာမည်ဖြင့် စတီရီယိုလောကသို့ ဝင်၍မရ။

ထိုအခါ မောင်ဗလသည် 'ဇေအောင်ဇေ' အဖြစ် အမည်တွင်လာပြီး ဇေဇေဟူ၍ နာမည်လေး မတောက်တခေါက် ရလာခြင်းဖြစ်လေသည်။

ကောင်းပြီ။ ထိုမျှ နာမည်မကြီးသေးသော ဇေဇေ၏အကြောင်းကို အဘယ်ကြောင့် စကားထဲထည့်ပြောနေရပါသနည်း။ ကျော်ဟိန်း၏ နောက်ခံတေး ဆိုပေးနေရုံဖြင့် 'ဇေဇေ' သည် အရေးတယူလုပ်ဖွယ် ကောင်လေးတစ်ကောင် ဖြစ်သွားပါပြီလား။

မဟုတ်ပါ။

အကြောင်းရှိပါသည်။

ထိုအကြောင်းသည် ဘာဖြစ်မည်ကို လူကြီးမင်းတို့ ကြိုတင်ခန့်မှန်းနိုင်ပါလိမ့်မည်သာ ဖြစ်ပါသည်။

စိန်မောင် စတူဒီယိုတွင် မင်းသားကြီး၊ မင်းသမီးကြီးများ အစုံအလင်နှင့် ရုပ်ရှင်ရိုက်ရင်း ထိုရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင် နောက်ခံတေးများကို သွင်းခြင်း၌ အဘယ်မည်သော တေးသံရှင်ပေါက်စကို အကြောင်းအရာလုပ်စရာလိုသနည်း။

ဤအချက်တစ်ချက်တည်းနှင့်ပင် 'ဇေဇေ' သည် တစ်နည်းမဟုတ်တစ်နည်းဖြင့် ကျွန်ုပ်တို့၏ ဒေါ်ရွှေစင်နှင့်ပတ်သက်လာနိုင်စရာအကြောင်းရှိလာနိုင်သည်ဟူ၍ လူကြီးမင်း သဘောပေါက်လိမ့်မည်ထင်ပါသည်။

သို့သော် လူကြီးမင်း ထင်မြင်ချက်သည် လျော့နည်းနေပါသေးသည်။ ဇေဇေသည် ထိုနေ့မှအစပြု၍ ရုပ်ရှင်မင်းသမီးကြီး ဒေါ်ရွှေစင်၏ ဘဝထဲသို့ တစ်စတစ်စ ရောက်ရှိလာတော့မည်ကိုလည်းကောင်း၊ နောက်ပိုင်းတွင် တစ်ဘဝလုံး ဒေါ်ရွှေစင်၏ရင်ခွင်သို့ ရောက်ရှိလာတော့မည်ကိုလည်းကောင်း သိရှိထားရန် လိုအပ်နေပါတော့သတည်း။

*

ရုပ်ရှင်ရိုက်၍ ပြီးသောအခါ ဒေါ်ရွှေစင်သည်လည်း အသံသွင်း စတူဒီယိုဘက်သို့ ရောက်လာလေသည်။ ရောရီရောရာ ပါလာခြင်းဖြစ်၏။
mgyoe.com

mgyoe.com SAMPLE BOOK


သည်ရောဂါမျိုးလည်း ဒေါ်ရွှေစင်ထံတွင် ရှိ၏။ အခြားမဟုတ်။

ရုပ်ရှင်မင်းသား မင်းသမီးတို့သည် ရုပ်ရှင်ရိုက်ကွင်းပေါ်တွင် မိမိသရုပ်ဆောင်ချက် ပိုင်နိုင်လျှင်၊ လူတကာ၏ ချီးမွမ်းထောမနာပြုခြင်းကို ခံရလျှင် ရိုက်ကွင်းပေါ်မှ မိမိ သွားလိုရာသို့ ချက်ချင်းမပြန်နိုင်ဘဲ မျက်နှာတပြုပြု လုပ်နေတတ်ခြင်းပင်ဖြစ်၏။ ဟိုလူ့ပြုံးပြ၊ သည်လူ့ပြုံးပြ။

ဦးဝင်းဦး၊ ကိုထွန်းထွန်းဝင်းမှအပ ကျန် (သီချင်းဆိုရန်မရှိသော) သရုပ်ဆောင်များ အလျှိုအလျှို ပြန်သွားကြပြီဖြစ်သည့်တိုင် ဒေါ်ရွှေစင်သည် ဦးဝင်းဦးနှင့် စကားတပြောပြောလုပ်ရင်း အသံသွင်း စတူဒီယိုဘက်သို့ လိုက်ပါလာခဲ့လေသည်။

"အေးဗျာ... ဒီနေ့တော့ ဒေါ်ရွှေစင် သရုပ်ဆောင်တာ ကျွန်တော်တောင် လန့်သွားတယ်"

ဟူ၍ ဦးဝင်းဦးကိုယ်တိုင်က ချီးမွမ်းထောမနာပြုသောအခါ ဒေါ်ရွှေစင် ဘဝင်ခိုက်သွားလေသည်။ ထို့အတူ ဦးဝင်းဦးနှင့် စကားပြောရသည်မှာ အရသာရှိလေခြင်းဟုလည်း ထင်မိသွားလေသည်။ လူသည် မိမိကို အထင်တကြီး တလေးတစားရှိသူနှင့် စကားပြောရသည်မှာ အလွန်မြိန်ရေရှက်ရေ ရှိတတ်ပါသည်။

"ဒေါ်ရွှေစင် ဘာနဲ့ပြန်မလဲ"

"ကုမ္ပဏီက ကားနဲ့ပဲပေါ့"

"ကျွန်တော့်ကားလည်း ရှိသားပဲ၊ အေးအေးဆေးဆေးမှ ပြန်ချင်လည်း ရပါတယ်"

"ကောင်းသားပဲ၊ ကိုဝင်းဦး သီချင်းဆိုတာလည်း နားထောင်ချင်သေးတယ်၊ ကြာမလား"

"မကြာပါဘူးဗျာ... ခဏပေါ့၊ တစ်ခေါက် နှစ်ခေါက်လောက် တိုက်ပြီး သွင်းရုံပါပဲ"

"အမယ်လေး... မင်းသားကြီး သီချင်းဆိုကျွမ်းကျင်တာတော့ လူတိုင်းသိပါတယ်နော်၊ ကြွားမနေပါနဲ့"

ဒေါ်ရွှေစင်သည် မျက်လုံးရွဲကြီး ထောင့်ကပ်ပြီး မချိုမချဉ် မခါးမစပ်သော မျက်နှာပေးဖြင့် မင်းသားကြီးအား ကြည့်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


မင်းသားကြီးကလည်း ထုံးစံအတိုင်း တဟင်းဟင်း ရယ်မောရင်း ဒေါ်ရွှေစင်၏ အတွင်းစိတ်ကို လှေ့လာလိုက်လေသည်။ ပြီးတော့ သနား သွားလေသည်။

သူတို့ အသံသွင်းခန်းထဲ ရောက်သောအခါ ဇေဇေသည် သီချင်း တိုက်လျက်ရှိ၏။

ဇေဇေသည် ရုပ်ရှင်ရိုက်ကွင်းတွင် သူနှင့် မည်သို့မျှ ပတ်သက်စရာ မရှိသောကြောင့် စောစောစီးစီးဝင် သီချင်းရေးဆရာ၊ ဂီတဆရာများနှင့် သီချင်းတိုက်နေပြီးဖြစ်၏။

ဦးဝင်းဦးနှင့် ဒေါ်ရွှေစင်တို့သည် အသံသွင်းခန်းသို့ လွတ်လပ်စွာပင် ဝင်လာကြ၏။ မှန်သည်။ သူတို့အဖို့ အသံသွင်းခန်းသည် ပမွှားလောက်သာ ဖြစ်သည်။ သူတို့ ဝင်လာလျှင်ပင် ဝိုင်းဆရာများ၊ ဧည့်သည်များက လည်ပြန် ငေးကြည့်ရသောအဆင့်တွင် ရှိနေသည်မဟုတ်လား။

ဦးဝင်းဦးအနေနှင့်တော့ မသိ။ ဒေါ်ရွှေစင်အဖို့ကား ဤသည်ပင် အရသာတစ်ပါးဖြစ်နေလေသည်။

"ဒေါ်ရွှေစင် အေးအေးဆေးဆေးမှ ပြန်မှာမဟုတ်လား"

ဦးဝင်းဦးက မေးသည်။

"ဒါပေါ့... မင်းသားကြီး သီချင်းဆိုတာ နားထောင်ပြီးမှ ပြန်မှာပေါ့"

ဒေါ်ရွှေစင်က အလိုက်အထိုက်ပင် ပြောလိုက်ရသည်။ တစ်ယောက် ကိုတစ်ယောက် မြှောက်ပင့်ပြောဆိုခြင်း အတတ်ပညာသည် ရုပ်ရှင်မင်းသမီး များ၌ နဂိုဗီဇပါလာသောအထုံဖြစ်ပါသည်။ နောက်ကွယ်ကျမှ ထိုအကြောင်း ကို ခိုးခိုး ခစ်ခစ် ရယ်ချင်ရယ်မည်။ ရယ်ချင်ရယ်မည်မဟုတ်ပါလေ၊ ရယ်ကို ရယ်ကြသည်။ မင်းသမီးတို့၏စကားကို သတိကြီးစွာ ထားပြီး နားထောင် နိုင်မှ တန်ကာကျလေသည်။

သည်လိုနှင့် စန္ဒရားဆရာအနီးသို့ သူတို့ ရောက်လာကြသည်။ စန္ဒရားဆရာက တစ်ချက်ပြုံးပြပြီး နှုတ်ဆက်ခြင်းအမှု ပြု၏။

ဇေဇေသည် စန္ဒရားဆရာအနီး သီချင်းတိုက်နေရာမှ အယောင် ယောင် အနနဖြင့် ဦးဝင်းဦးနှင့် ဒေါ်ရွှေစင်ကို တစ်ချက်ဖေ့ခနဲ ကြည့်လိုက် ၏။ သူ့မျက်လုံးများသည် ဦးဝင်းဦးထံ အပြုံးတစ်ချက် လက်ပေးလိုက်ရှိ

mgyoe.com

mgyoe.com SAMPLE BOOK

မှတစ်ပါး မထူးခြားဘဲ ဒေါ်ရွှေစင်ထံ အရောက်တွင် ခေတ္တမျှ ရပ်တန့်သွားလေ၏။ ထိုခေတ္တကလေးအတွင်းမှာပင် ဖေဖေ၏ရင်သည် ခုန်လေသည်။

နံပါတ် နှစ်ခုအားဖြင့် သူ့ရင်ခုန်ပါသည်။ နံပါတ်တစ် အချက်ကတော့ ရှင်းပြဖို့ လိုပါလိမ့်မည်။ ဖေဖေသည် တစ်သက်နှင့်တစ်ကိုယ် သူကိုယ်တိုင် အဆိုကျော်တစ်ဦး၊ အထူးသဖြင့် စတီရီယို အဆိုတော်တစ်ဦးဖြစ်လာလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့ချေ။ ထိုနည်းတူ အဆိုတော်၊ ရုပ်ရှင်ပညာသည်၊ ဇာတ်သဘင်ပညာသည်မှအစ နာမည်ကြီးသူဟူသမျှ သူနှင့်မသက်ဆိုင်သူတွေဟူ၍သာ နားလည်ထားသူဖြစ်ပါသည်။ ထို့ထက်ကား နာမည်ကြီးများအကြောင်းကို သူ သာမန် စဉ်းစားခြင်းမှတစ်ပါး လုံးဝစိတ်ဝင်စားခြင်းမရှိခဲ့ချေ။

သူငယ်ငယ်က ကြီးလာရင် ဘာဖြစ်ချင်သည်ဟု စဉ်းစားခဲ့ရာ၌ နံပါတ်တစ်သည် ဗဟာဒူး၊ တင်အောင်၊ ခင်မောင်ထွန်း၊ အေးမောင်တို့ကဲ့သို့ အာရှချန်ပီယံ ဘောလုံးသမားဖြစ်၏။ သို့သော် ဘဝဆိုသည်မှာ ဘောလုံးသမားသာ ဖြစ်ရခြင်းမဟုတ်ရကား အခြေအနေအရ သူသည် နာမည်ရစ စတီရီယို အဆိုတော်ကလေးဖြစ်လာရလေသည်။

သူကိုယ်တိုင်ပင် ယခုအခါ မိန်းမပျိုကလေးများ၊ လူငယ်စတီရီယိုဝါသနာအိုးကလေးများ၏ မိတ်ဆက်စကား၊ တယ်လီဖုန်း၊ စာ၊ သံကြိုးများကို ကျေနပ်စွာ ရရှိခဲ့ပြီးပြီဖြစ်၏။

ထိုအခါ သူ့တွင် အိပ်မက်ဆိုးမဟုတ်သည့်တိုင် မကြာမကြာ သတိတရရှိနေသော အကြောင်းတရားတစ်ခုရှိနေသည်ကို သူ သတိရပြန်လေသည်။

အခြားမဟုတ်ပါ။ ဖေဖေသည် ငယ်စဉ်က–ငယ်စဉ်က ဆိုရာ၌ စိတ်လှုပ်ရှားစအရွယ်၊ ဆယ့်လေးငါးနှစ်သားအရွယ်ကို ဆိုလိုပါသည်။

စောစောက ပြောသလို အနုပညာရှင် နာမည်ကြီးများကို လုံးဝ သတိမေ့လျော့နေခဲ့သော အားကစားသမား ကာလ၌ ဖေဖေသည် အမှတ်မထင်သော ရုပ်ရှင်ကားတစ်ကားကို ကြည့်လိုက်မိလေသည်။

ငွေကြေးအရ မအောင်မြင်သော်လည်း ဒါရိုက်တာ အကယ်ဒမီဆုကို ဆွတ်ခူးရရှိသော ဇာတ်ကားဖြစ်၏။ ထိုဇာတ်ကားတွင် မင်းသမီးတစ်ဦး

mgyoe.com

mgyoe.com SAMPLE BOOK

ပါဝင်၏။ ထိုမင်းသမီး၏ အမည်မှာ 'ရွှေစင်' ဟူ၍ ဖြစ်ပါ၏။ ရွှေစင်ဆိုလျှင် လူကြီးမင်း သိပါသည်။ ဟုတ်ပါသည်။ ဒေါ်ရွှေစင်ကို ပြောနေခြင်းဖြစ်ပါသည်။

ထိုဇာတ်ကားတွင် ဒေါ်ရွှေစင်ကို ထူးချွန်သော အနုပညာသည်ဟူ၍တော့ မဆိုစလောက် ပြောနိုင်ပါသည်။ လိုအပ်သလောက် ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်သော်လည်း ငယ်ဂုဏ်ကလေးတစပြင်နှင့် ချစ်စဖွယ်ကောင်းနေသည်ကိုတော့ ဘယ်သူမှ ငြင်းဆန်မရချေ။ ယနေ့အချိန်ထိ ထိုစဉ်က ဒေါ်ရွှေစင်၏ ဓာတ်ပုံကို မြင်ရသူတိုင်းသည် ဗိုလ်အောင်ဒင်ဇာတ်ကားကို ယနေ့ခေတ် မိန်းမပျိုများက ကြည့်ပြီးနောက် မင်းသားကြီး ခင်မောင်ရင်သည် ချောပါလှပါပေသည်ဟူ၍ စုတ်တသပ်သပ် ချီးမွမ်းရသည်ကဲ့သို့ပင် စိတ်ကူးဖြင့် ပြစ်မှားမိမည်မှာ သေချာလှပေသည်။

မည်သို့ပင်ရှိစေ၊ ထိုဇာတ်ကား ပြသစဉ်က ဇေဇေသည် အသက်ဆယ့်လေးငါးခြောက်နှစ်မျှသာ ရှိသေးသည်။

ဇေဇေသည် လူငယ်တို့ဘာဝဖြစ်သော ရုပ်ရှင်ကြည့်ခြင်းအလုပ်ကို လွန်စွာနှစ်သက်သူမဟုတ်ချေ။

သို့ရာတွင် ထိုနေ့က ရုပ်ရှင်အထူးပွဲအဖြစ် ထိုဇာတ်ကားကို ကြည့်ခဲ့ရ၏။ တကယ်တော့ သူ့အရွယ် သူ့အခြေအနေနှင့် ရုပ်ရှင်ကားတစ်ကား အထူးပွဲ ဖိတ်ကြားပြသခြင်းကို ယောင်၍မျှ စိတ်မကူးဖူးခဲ့ပါ။ ဒါသည် မိမိနှင့်ပတ်သက်ဖွယ်သော ကိစ္စမဟုတ်။

မည်သို့ပင်ရှိစေ၊ အကြောင်းတိုက်ဆိုင်လာသောအခါ ဇေဇေဟူသော ဘောလုံးရူးကလေးသည် 'လူကြီးမင်း' ဟူသော ခေါင်းစီးဖြင့် သေသပ်ခံ့ညားသော ဖိတ်စာနှင့်တကွ ရုပ်ရှင်အထူးပွဲ ကြည့်ရှုရန် လေးစားစွာ ဖိတ်ကြားခြင်း ခံရလေတော့သည်။

အကြောင်းမှာ ဤသို့ဖြစ်ပါသည်။ ဇေဇေသည် သဃ်န်းကျွန်း (၈) ရပ်ကွက် တောင်ပိုင်း ဘောလုံးသမားကလေးဖြစ်ပါသည်။ ဘောလုံးသမားအပြင် အသင်း၏ ကပ္ပတိန် ခေါ် ဘောလုံးအသင်း ခေါင်းဆောင်လည်း ဖြစ်ပါသည်။

ရပ်ကွက်အလိုက် ဘောလုံးပြိုင်ပွဲတွင် (၈) ရပ်ကွက် တောင်ပိုင်းမှ

mgyoe.com

mgyoe.com
SAMPLE BOOK


ပထမဆု ဒိုင်းကြီးကို ရရှိခဲ့ပါသည်။ ထို့ပြင် တစ်နယ်မြေလုံး ဘောလုံးအသင်းများထဲက အကောင်းဆုံး ဘောလုံးသမားဆုကို ဇေဇေက ရရှိလေသည်။ ယင်းနောက် သဃ်န်းကျွန်းနယ်မြေ ဘောလုံးအသင်းအတွက် လူရွေးချယ်ရာ ဇေဇေ ပါဝင်ပြန်လေသည်။

ထိုခုနှစ်အတွက် သဃ်န်းကျွန်းနယ်မြေ အားကစား ပတ်ဝန်းကျင်သည် ရေပန်းအစားဆုံး အားကစားသမားအဖြစ် ဇေဇေသည် လူသိများ ကျော်ကြားသော ချာတိတ်ဖြစ်ခဲ့လေသည်။

သူတို့ရပ်ကွက်တွင် ရုပ်ရှင်ကုမ္ပဏီတစ်ခုရှိ၏။ 'ဘီသုံးလုံး' ဟု ကျော်ကြား၏။ အခု ဒါရိုက်တာ ဝိုင်းတင်အောင်မြင့်ဦးဟု ကျော်ကြားသောကိုအေးသိန်းသည် ထိုစဉ်က ဒါရိုက်တာမဖြစ်သေး။ သူလည်း ချာတိတ်သာသာမျှသာ။ သူသည် အားကစားပွဲများကို ဝါသနာထုံသူဖြစ်သည့်အလျောက် သူတို့ရပ်ကွက်မှ ပထမ ဒိုင်းဆုကြီးကို ဆွတ်ခူးလိုက်သောအခါ သူတတ်နိုင်သော အားပေးချီးမြှင့်မှုကို သူပြုလေ၏။

အခြား ဟုတ်ပါရိုးလား။

သူတို့အသင်း ဒိုင်းဆု ရသောနေ့ နောက်တစ်နေ့ညတွင် တစ်ရပ်ကွက်လုံးကို ဗလာပွဲ ရုပ်ရှင်ကားထုပ် သုံးထုပ် မိုးအုလင်းပြ၏။ ဘီသုံးလုံး ကုမ္ပဏီမှ ရွှေဘ ပါဝင်သော ဇာတ်ကားနှစ်ကားနှင့် ဇော်လွင်ပါသော စစ်ဇာတ်ကားတစ်ကားတို့ဖြစ်၏။

ယင်းအပြင် ဘောလုံးအသင်းသားအားလုံးကို ဂုဏ်ပြုသောအားဖြင့် သူတို့ကုမ္ပဏီ၏ ဇာတ်ကားသစ်ဖြစ်သော စောစောကပြောသည့် ဇာတ်ကားအထူးပွဲကို ဖိတ်ကြားလိုက်ခြင်းဖြစ်လေသည်။

ဇေဇေသည် ဂုဏ်ယူဝင့်ကြွားစွာပင် ထိုရုပ်ရှင်အထူးပွဲသို့ သွားရောက်ခဲ့လေသည်။

လူသည် မိမိကိုယ်မိမိ ဂုဏ်ယူသည်ဟု ယူဆပြီး အလုပ်တစ်ခုကိုလုပ်ပြီဆိုလျှင် ထိုအလုပ်ပေါ်၌ အထူးသဖြင့် စိတ်ဝင်စားပြီး အာရုံစိုက်တတ်ကြလေသည်။

ဇေဇေသည် 'လူကြီးမင်း ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်' ဟူသော ဖိတ်စာ ကတ်ပြားကလေးကို တိုက်ပုံအကျႌထဲထည့်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK


ကြည့်ရသော အနီ ရုပ်ရှင်ဇာတ်ကားကို အထူးအာရုံစိုက်ကာ ကြည့်မိလေသည်တွင်...

ဧဧသည် အထူးသဖြင့် တက်သစ်စ မင်းသမီး ရွှေစင်ကို အထူးတလည် စိတ်ဝင်စားမိလေသည်။

ဧဧတို့ လူသိုက်သည် ရုပ်ရှင်ကြည့်ပြီဆိုလျှင် မင်းသား၊ မင်းသမီး၏ အမူအရာ အဝတ်အစားကို အတုယူတတ်သော လူငယ်အမျိုးအစားများ မဟုတ်ကြပါ။ သူတို့သည် မင်းသား၊ မင်းသမီး၏ ပျော့ကွက် ဟာကွက်ကို ဟားတိုက်ရယ်မောတတ်သော ခေတ်လူငယ်မျိုးများဖြစ်ပါသည်။ မင်းသား မင်းသမီးကို အထင်ကြီးသောစိတ် သူတို့တွင်မရှိချေ။

သို့သော် သည်တစ်ချီတွင်တော့ ဧဧမှာ ရွှေစင်၏ ဖမ်းစားခြင်းကို ခံလိုက်ရလေသည်။ ရွှေစင်၏အလှသည် သူ့ကို ကောင်းကောင်းကြီး နှားရင်းတီးလိုက်ဘိသကဲ့သို့ ရှိလေသည်။

ထိုအထူးပွဲအပြီးတွင်လည်း ကိုအေးသိန်း (ယခု ဝိုင်းတင်အောင်မြင့်ဦး) က ဂုဏ်ပြုသောအားဖြင့် ဇာတ်ကားထဲပါသော မင်းသား၊ မင်းသမီးများနှင့် ဘောလုံးသမားများအား မိတ်ဆက်ပေးလေရာ ရုပ်ရှင်ထဲကအလှနှင့် မတူဘဲ အပြင်မှာ ပို၍လှနေသော ရွှေစင်ကို ဧဧသည် ယောင်ယမ်းပြီး လက်ဆွဲနှုတ်ဆက်မိလေသည်။

ထိုစဉ်က ရွှေစင်အဖို့ လက်ပေါင်းများစွာအတွင်းက ဘောလုံးသမားလေးတစ်ဦး၏ လက်သည် မည်သို့မျှ မထူးခြားသော်လည်း ဘောလုံးသမားလေး ဧဧ၏လက်သည် တစ်စုံတစ်ရာကို နူးညံ့သည့် ခံစားမှုကို နှလုံးသားနှင့် ဦးနှောက်ဆီသို့ ချက်ချင်း ပို့ဆောင် ဆက်သွယ်ရေးလုပ်ငန်း လုပ်လိုက်လေသည်။

*

များမကြာမီကာလတွင် ဧဧသည် သူ့တစ်သက်နှင့် တစ်ကိုယ် မလုပ်ဖူးသော လုပ်ငန်းတစ်ခုကို လုပ်ကိုင်ဆောင်ရွက်မိလေသည်။

ရွှေစင်ထံသို့ မိတ်ဆက်စာ တစ်စောင်ကို ကလေးကလား ရေးသား လိုက်မိခြင်းပင် ဖြစ်ပါတော့သည်။

mgyoe.com

m.gyoe.com SAMPLE BOOK


သို့သော် ပြန်စာမရ။

ဒေါ်ရွှေစင်ထံသို့ သူ့စာ မရောက်လေသလားဟု စာတိုက်ကို ကျိန်ဆဲမိသည်။

သို့မဟုတ် ဒေါ်ရွှေစင်ကပင် သူ့အား အသိအမှတ်မပြုလေသလားဟု ဆယ့်လေးငါးနှစ်သား ကောင်ကလေးများ၏ဝမ်းနည်းခြင်းမျိုးဖြင့် ဝမ်းနည်းမိလေသည်။

သို့သော် ယခု သူကိုယ်တိုင် စတီရီယို အဆိုတော်ပေါက်စနကလေး အဖြစ် မိတ်ဆက်စာများ ကြိုကြား လက်ခံရရှိလာလေသောအခါ အချို့စာများကို အကြောင်းကြောင်းကြောင့် ပြန်စာမပို့နိုင်ဘဲ ရှိနေခဲ့လေသည်။

ထိုအခါမျိုးတိုင်းတွင် ဖေဖေသည် ငယ်စဉ်က ရုပ်ရှင်မင်းသမီး ရွှေစင်ထံသို့ တစ်စောင်တည်းသော မိတ်ဆက်စာ ရေးဖူးသည်ကို သတိတရရှိနေလေတော့သည်။ အိပ်မက်ဆိုးကဲ့သို့ကား စိတ်အနှောင့်အယှက်မဖြစ်ရပါလေ။

*

ယခုမူ တိုက်တိုက်ဆိုင်ဆိုင်ပင် အနုပညာနယ်ထဲမှာ လာဆုံရသောအခါ ဖေဖေ၏ရင်သည် ငယ်နုစဉ်ကကဲ့သို့ ပြန်လည်သက်ဝင် လှုပ်ရှားလာသည်ကို ခွင့်လွှတ်သင့်ပေသည်။

အနုပညာလောက၏ အတက်အကျသည် နေမင်းကဲ့သို့လည်းကောင်း၊ ဒီရေကဲ့သို့လည်းကောင်း အတက်အကျ တသီးတခြားမရှိချေ။

နိုဝင်ဘာလ၏ ညနေခင်းကဲ့သို့ နေမဝင်ခင် လ,ထွက်ခြင်း ရှိချေ၏။

ဆိုလိုသည်မှာ တစ်ဗိုလ်ကျမှ တစ်ဗိုလ်တက်ခြင်းမျိုးမဟုတ်ဘဲ တစ်ဗိုလ်မကျခင် နောက်တစ်ဗိုလ် တက်လာခြင်းမျိုးဖြစ်လေ၏။

ရုပ်ရှင်မင်းသား၊ မင်းသမီးတစ်ယောက် မရှိတော့သောအခါကျမှ နောက်တစ်ယောက် တက်လာခြင်းမျိုးမရှိချေ။ မင်းသား၊ မင်းသမီးကြီး တစ်ယောက် ကျလုလုတွင် နောက်ထပ် မင်းသားသစ်၊ မင်းသမီးသစ်များ တက်လာခြင်းကို ဆိုလိုပါသည်။ ကျချိန်နှင့် တက်ချိန် တစ်ထပ်တည်း ဖြစ်တတ်၏။

m.gyoe.com

mgyoe.com
SAMPLE BOOK


ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင် စသဖြင့် သီးခြားမခွဲဘဲ ပြောရပါမူ ရုပ်ရှင်မင်းသမီးကြီး ဒေါ်ရွှေစင် ကျလုဆဲဆဲတွင် ဂီတပညာရှင်ကလေး ဇေဇေ တို့ခေတ်သို့ ရောက်လာခဲ့ပါလေသည်။

အရှိန်အဝါအားဖြင့် မနိူင်းယှဉ်သာသော်လည်း ဇေဇေသည် ခေတ် လူငယ်များ၏ မဲဆန္ဒကို ခံယူရာ၌ ဒေါ်ရွှေစင်ထက် သာလွန်သော စိတ်ဝင် စားမှုကို ရရှိနေသည်ကား မငြင်းဆန်ရာပေ။

ဒေါ်ရွှေစင်ကိုလည်းကောင်း၊ ဇေဇေသို့လည်းကောင်း ထည့်ပြောစရာ မလိုသည် မှန်ပါ၏။ သို့သော် အခြေအနေအရ အဟောင်းတို့ ချုပ်ငြိမ်းခြင်း နှင့် အသစ်တို့ ဖြစ်ပေါ်ခြင်းကိုကား ထည့်ပြောလိုက ပြောခွင့်ရှိပါသည်။ မပြောသော်မှ အများသူငါတို့ သိကြပါကုန်သည်။

ထိုကဲ့သို့သော ကာလမျိုးတွင်မှ ဇေဇေနှင့် ဒေါ်ရွှေစင် ပြန်လည် ဆုံစည်းမိကြသောအခါ ဒေါ်ရွှေစင်တော့ မည်သို့နေမည်မသိ၊ ဇေဇေ တစ်ယောက်တော့ ဒုတ်ခနဲ ခုန်သွားရလေသည်။ (ရင်ခုန်ခြင်းကို ဆိုလိုပါ သည်။)

ငယ်စဉ်က မိတ်ဆက်စာ ရေးခဲ့ဖူးခြင်းကို သတိရမိ၏။ ပြီးတော့... သူ ဆယ့်လေးငါးနှစ်သားက ရုပ်ရှင်အထူးပွဲတွင် မြင်ငေးခဲ့ရသော ဒေါ်ရွှေစင် ၏ နုစဉ်ကအလှနှင့် ယခု ကျက်သရေနှင့် တင့်တယ်သော အလှကို ချိန်ထိုး ကြည့်နေမိ၏။ သို့ရာတွင် သူ ဒေါ်ရွှေစင်ကို လေ့လာခြင်း၊ ငေးကြည့်နေခြင်း၊ ငယ်စဉ်က အကြောင်းများကို သတိရနေခြင်းသည် စက္ကန့်ပိုင်းမျှသာ ကြာပါ သည်။

ဟုတ်ပေသားကပဲ။ အကြာကြီး ကြည့်နေလို့တော့ကော ကောင်းပါ့ မည်လား။ မင်းသမီးတစ်လက်ကို။ ပြီးတော့ အနားမှာကလည်း သူ့ဆရာ ဦးဝင်းဦးက ရှိနေသေးသည်။

မင်းသားကြီးသည် ဇေဇေကို ဂီတနယ်ထဲသို့ ပထမဆုံး ခေါ်ငင် မြေတောင်မြှောက်ပေးခဲ့သော ဆရာရင်းဖြစ်လေသည်။

သူ့အသံလေး မတောက်တခေါက်နှင့် မယ်ဒိုလင် (မယ်ဒလင်ဟု မြန်မာလို အသံထွက်၏။) ကလေးကို တီးကာ တီးကာ တောနဲ့တောင်စွယ် တစ်ပုဒ်တည်းကိုသာ ဟစ်အော်နေတတ်သော ဇေဇေကို သူ့ဦးရီးတော်

mgyoe.com

m g y o e . c o m  SAMPLE BOOK 

တစ်ယောက်က မင်းသားကြီး ဦးဝင်းဦးထံ တပည့်ခံစေခြင်းမှ အစပြုလေသည်။

အစ ပထမတွင် ဆယ်တန်းကျပြီး အလုပ်လက်မဲ့ ယောင်ပေပေဖြစ်နေသဖြင့် ခိုင်းချင်ရာခိုင်း သဘောမျိုး အပ်နှံခဲ့သော်လည်း သူ့ဇကလေးနှင့်သူ ဖြစ်လာသော ဇေဇေ့ကို ဦးဝင်းဦးက မြှောက်မပေးဘဲ မနေနိုင်တော့သည့်အလျောက် သီချင်းကြီး သီချင်းခံများ၊ မြန်မာ့အသံ ကာလပေါ် သီချင်းများ တက်စေ၊ ဆိုစေခဲ့သည်။

မြန်မာ့အသံတွင် တစ်ပုဒ်စ နှစ်ပုဒ်စ သီဆိုခွင့်ရပြီးနောက် ရုပ်ရှင်နောက်ခံတေးများ လေးငါးခြောက်ပုဒ် ဆိုဖြစ်ခဲ့လေသည်။ သည့်နောက်ပိုင်းတွင် ပရိသတ် သိသည်၊ မသိသည် တစ်ပိုင်းထား၊ ဂီတနယ်မှာတော့ သူ၏ဩဇာရှိသော အသံကလေးကို ဂီတဆရာများက နှစ်သက် လက်ခုပ်ဩဘာပေးခဲ့ကြလေသည်။

ဂီတနယ်က တစ်မျိုးဖြစ်သည်။ ဂီတနယ်မှ မဟုတ်ပါ၊ အနုပညာနယ်သည် တစ်မျိုးမှ တစ်မျိုးဖြစ်၏။ အနုပညာနယ်တွင် 'အထာ' ဟု လူငယ်တို့သိသော ဟန်တစ်လုံး ပန်တစ်လုံးမရှိ။ ပညာအရည်အချင်း (ကျောင်းပညာကို ဆိုလိုပါသည်။) မလိုအပ်၊ ပရိသတ်ကို စွဲမက်စေရာ (အနုပညာအရာ၌ဆိုလိုသည်) အသက်အရွယ် မလိုအပ်၊ ပင်ကိုအရည်အသွေးသာ လိုအပ်ပါသည်။

ထို့ကြောင့် မြှောက်စားသင့်သူကို မြှောက်စား၏။ ငယ်သည်၊ ကြီးသည်၊ ဂုဏ်ရှိသည်၊ ဂုဏ်နိမ့်သည်ဟူ၍ သီးခြားသတ်မှတ်ခြင်းမရှိ။ အနုပညာလောက၌ ဗျူရိုကရေစီခေါ် အဆင့်ဆင့် အုပ်ချုပ်မှုမျိုးမရှိပါ။ အထက်လူဆိုသည်မှာ အသက်အရွယ် ဂုဏ်ဒြပ်နှင့် မဆိုင်ပါ။ အနုပညာ ဖန်တီးမှုနှင့်သာဆိုင်ပါသည်။

သည်နေရာတွင် စန္ဒာသည် သည်မျှတော်သလို၊ ဟိုနေရာတွင် မြတ်မွန်သည် ဟိုမျှတော်ပြီး၊ နောက်တစ်နေရာတွင် ကြည်ကြည်ဌေးသည် နောက်တစ်မျိုးမျှ တော်လေသည်။

ထိုသို့ ရိုးသားစွာ ဂုဏ်ပြုတတ်သော အလေ့အထကြောင့်ပင် အနုပညာသည်တို့ ပျက်စီးကြရခြင်း၊ ကျဆုံးလွယ်ခြင်းလည်း ဖြစ်၏။

m g y o e . c o m

mgyoe.com SAMPLE BOOK

မင်းသား မင်းသမီး တစ်ယောက်ယောက် အောင်မြင်လာသဖြင့် စင်တော်က ကောက်ပြီဆိုလျှင် သူ ဘာလိုသနည်း။ လိုလေသေးမရှိတော့။

ကြားဖြတ် ပြောရဦးမည်။ ဒေါ်ရွှေစင်ဆိုလျှင် အရှိန်အဝါ အမြင့်ဆုံး အချိန်က ဘာလုပ်သည် ထင်သနည်း။

အင်းလျားကန်စောင်းမှာ ရုပ်ရှင်ရိုက်နေစဉ်အတွင်း ဒလဘက်ကမ်းမှ ပုစွန်ခွက်ကြော် စားချင်သည်ဟု ပူဆာဖူး၏။ ကုမ္ပဏီပိုင်ရှင်က ဝယ်ပေးရ၏။

ဒေါ်ရွှေစင်တွင် မော်တော်ကား ကိုယ်ပိုင်ရှိ၏။ လုပ်ငန်းခွင် (ရိုက်ကွင်း) သို့ သူ့ကားဖြင့် သူလာ၏။ ဒါဆိုပြီးရောပေါ့ဟု ထင်စရာရှိပါသည်။ မပြီးချေ။ သူ့ကားဖြင့် သူလာပြီး သူ့ကားဖြင့် သူ ပြန်ရသည့်အတွက် အသွား အပြန် စရိတ် ၅၀ တိတိကို ကုမ္ပဏီမှ တောင်းခံ၏။ ကဲ... မည်မျှ ရှက်ဖွယ်ကောင်းသနည်း။ ဇာတ်ကားတစ်ကား ရိုက်ကူးပေးခ မင်းသမီးစရိတ် သောင်းနှင့်ချီရသည့်ကြားက တစ်နေ့ကို ကားစရိတ် ၅၀ တောင်းသေး၏။ အောက်တန်းကျပေသည်။

ဒါပေါ့။ သူတို့သည် ပညာဂုဏ်၊ ပရိသတ်ဂုဏ် မည်မျှပင် မြင့်သည့်တိုင်အောင် စိတ်ဓာတ်မြင့်မားမှုဂုဏ် အလွန်ဆင်းရဲသည့် သဘောပင်ဖြစ်လေသည်။

တကယ်တမ်း ဆင်းရဲသားများ အဖို့ရာကား ငွေ ၅၀ သည် ကနေ့အဖို့မဟုတ်၊ တစ်လစာ ဖြစ်လေသည်။ ယခုပြောနေသည်မှာ ဆင်းရဲသားများ အကြောင်းမဟုတ်ပါ။ စိတ်ဆင်းရဲသားများ အကြောင်းသာဖြစ်ပါသည်။ အနုပညာသမားများအကြောင်းဖြစ်၏။

ရုပ်ရှင်နယ်တွင် ပိုဆိုးသည်။ ရိုက်ကွင်းပေါ်သို့ တစ်ဆွေတစ်မျိုးလုံးခေါ်လာပြီး မင်းသမီး အဖေအတွက် ဘီယာဝယ်ပေးရသည်မှအစ မင်းသမီးညီမ ဖိနပ်ပြတ်သည်ကို ချုပ်ပေးရသည်အထိ ဂရုစိုက်ကြရရိုး ထုံးတမ်းစဉ်အလာ ယဉ်ကျေးမှု အမွေအနှစ်သည် ရှိခဲ့လေသည်။

တစ်ခုတော့ရှိသည်။ ကုမ္ပဏီပိုင်ရှင် ထုတ်လုပ်သူတို့ကလည်း ပြဿနာ။ သူတို့အနေနှင့် သူတို့စီးပွားရေး ထိခိုက်လာစရာရှိပြီဆိုလျှင် ဘယ်အနုပညာသည်ကိုမျှ မညှာတာတော့။ တော်ချင်တော်၊ အပြတ်လုပ်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK


သည်တော့ မြွေပွေးကဲ့သို့သော အနုပညာသတ္တဝါများသည် အဆိပ်ရှိတုန်းတော့ ထိပြီဆိုသည်နှင့် ပြန်ဆော်တော့သည်သာ။ ဆော်မည့်သာ ဆော်ရသည်။ မြွေသည် လူကို ပေါက်ရသည့်အတွက် သူလည်း သက်သာမည်မဟုတ်။

အကောင်းဆုံးကတော့ လူသည် မိမိအလုပ်ကို မိမိ အရိုးသားဆုံး လုပ်ကိုင်ကြရန်သာဖြစ်သည်မဟုတ်လား။

ဇေဇေအကြောင်း ပြန်စပါမည်။

ဇေဇေသည် မဆိုစလောက် အောင်မြင်လာသောအခါ မဆိုစလောက်သော ချီးကျူးဂုဏ်ပြုမှုကို မဆိုစလောက် မာနတက်မိလေသည်။

အနုပညာနယ်သည် သင့်ရာ သင့်ရာ ပေါင်းစည်းတတ်သော သဘောရှိ၏။

ဇေဇေသည် ဂီတသမားများစွာနှင့် ပေါင်းမိ၏။ ထိုအခါ ခေတ်လွန် ဂီတသမားများနှင့်လည်း မလွဲမသွေ ပေါင်းမိလေသည်။ ခေတ်လွန် ဂီတသမားဆိုသည်မှာ ခေတ်မီခြင်းထက် လွန်ကဲသော သို့တည်းမဟုတ် 'ခေတ်မီတယ်ဆိုတာမှာ လွယ်ပါတယ်' ပေါက်တတ်ကရ ဆိုပြ တီးပြရုံနှင့် ခေတ်မီနိုင်သည်ဟူ၍ ယူဆထားကြကုန်သော ပုဂ္ဂိုလ်များ၏ လုပ်ရပ်သာဖြစ်ပါသည်။

တီးချင်ရာတီး၊ ဆိုချင်ရာဆိုရုံနှင့် ဂီတဖြစ်သည်ဟူ၍ နားလည်ထားကြခြင်းကို ဆိုလိုပါသည်။

တကယ်တော့ ပေါ့ပ် (Pop)၊ ဟော့တ် (Hot) စသော ခေတ်ပေါ်တေးများတွင် သူ့အနှစ်သာရနှင့်သူရှိနေသည်ကို နားလည်ဖို့လိုပါသည်။

ဒါကို လွယ်လွယ်ကလေး မှတ်ယူ၍မရ။ ပေါ့ပ် (Pop) လည်း သူ့အဆင်းနှင့် အချင်းနှင့်၊ ဟော့တ် (Hot) လည်း သူ့အထာနှင့် ကဗျာနှင့်။

သည်သဘောကို နားမလည်လို့ကတော့ ဆောရီး၊ ဝမ်းနည်းပါ၏။ အင်တာနေရှင်နယ် International မဖြစ်နိုင်ပါ။

ဇေဇေသည် ခေတ်မီခြင်းနှင့် အရာရာကို ပေါ့တန်စွာ နားလည်ခြင်းကို ခြားနားစွာ မသိပါချေ။ ဂျင်းရှပ် ခေါ် အပြာရောင်အင်္ကျီကြမ်းသည် နွားကျောင်းသူတို့ ဝတ်ဆင်သည့် သဘောကို မသိရှာချေ။ ရိုးရာကို သိပ္ပံနည်းကျ

mgyoe.com

mgyoe.com SAMPLE BOOK

ခေတ်မီစွာ နားလည်သဘောပေါက်ခြင်းသည် ကမ္ဘာ့အဆင့်အတန်းမီခြင်း ဟူ၍ သူ မသိသေးချေ။

ချိတ်ထဘီဝတ်လျက်၊ ပုသိမ်ထီးကိုဆောင်းလျက်၊ ပုံတော်ဖိနပ်ကို စီးလျက် ပဲရစ်မြို့၏ အီဖယ်မျှော်စင်ရှေ့မှာ လမ်းလျှောက်နေသော မြန်မာ အမျိုးသမီးကို ပြင်သစ် အမျိုးသားများ ဝိုင်းဝိုင်းလည်ခြင်းကို သူ့အသိဉာဏ် က သဘောမပေါက်သေးချေ။

မြန်မာအမျိုးသား၊ အမျိုးသမီးများ ရောမမြို့လယ်ကောင်က ဟိုတယ် တွင် ဂိုးဂိုးအက က,ကြသည့်အဖြစ်ကို အနောက်တိုင်းသားတို့ ဟားတိုက် ရယ်မောကြခြင်း အကြောင်းကိုလည်း သူ မကြားဖူးသေးချေ။

ထိုနံရောအခါ ဇေဇေသည် အပေါင်းအသင်းများ ကောင်းမှုဖြင့် ကြီး သထက် ကြီးလာသော နာမည်တစ်လုံးကို ရစိမ့်သောငှာ စတီရီယိုတေး လောကသို့ ခြေလှမ်းချမိလေတော့သည်။

သည်နေရာတွင် နားလည်ဖို့ လိုသည်။ တစ်ခုရှိ၏။ စတီရီယို သရုပ် ပျက်ဟူ၍ မည်သူက ပုတ်ခတ် ပုတ်ခတ် စတီရီယိုတေးသည် သူ့ဘာသာ သူတော့ဖြင့် အရာရောက်နေ၏။ ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်း တိုးတက်မှု သည် တသီးခြားစီဖြစ်သကဲ့သို့ စတီရီယိုသည်လည်း ခေတ်နှင့်အညီ ပြောင်းလဲလာသော တိုးတက်မှုဟူ၍ လက်ခံရပေမည်။ ယဉ်ကျေးမှုနှင့် ရောယှက်ပြီး ရှုတ်ချ၍မရ။ သို့သော် စတီရီယိုခေါ် နှစ်ဖက်သံကြား ခေတ်ပေါ် တေးဂီတကို ခုတုံးလုပ်ပြီး အလွယ်လမ်းလိုက်၊ ပြီးပြီးရော ပေါက်ကရ ဖန်တီး သည်ကတော့ မြန်မာသာမက တစ်ကမ္ဘာလုံးကို သိက္ခာချရာ ရောက်၏။

လူသည် တစ်စုံတစ်ရာကို မဖန်တီးဘဲလျက် ဘာမျှဖြစ်မလာနိုင်ပေ။ တစ်ခုခုလုပ်လျှင် တစ်ခုခုဖြစ်မြဲဖြစ်၏။

ထိုဖန်တီးမှုသည် လမ်းမှန်သလား၊ မမှန်သလားကို လူများစုက ဆုံးဖြတ်ပေလိမ့်မည်။

ဂီတသမားတို့သည် စတီရီယိုကို လေးစားစွာ လက်ခံဖို့ လိုပေသည်။ စတီရီယိုတိုင်းကို သရုပ်ပျက်စာရင်း မသွင်းနိုင်ပါ။

ထိုနည်းတူ ရိုးရာဂီတကို တွယ်ဖက်ပြီး အရိုးဆွေးသွားစရာလည်း အကြောင်းမရှိပါ။ ရိုးရာဂီတကို ပစ်ပယ်ပြီး လုံးဝ လုံးလုံး အနောက်တိုင်း
mgyoe.com

mgyoe.com SAMPLE BOOK


ပုံတူကူး ဂီတ၌ နစ်မျောနေ၍လည်း မရပါ။

သမ မှုတ်ရပေမည်။ ပဥ္စသိခ် စောင်းသမား နတ်သားကို အတုယူ အပ်ပေသည်။

*

ဇေဇေ မှားခဲ့၏။

မှားခဲ့သည့်၌ စောစောက ပြောသလို တစ်ဖက်စွန်းရောက် မှားခဲ့၏။ သူသည် ရိုးရာကို ပစ်ပယ်၏။

မင်းမင်းလတ်ကိုလည်းကောင်း၊ စိုင်းထီးဆိုင်ကိုလည်းကောင်း၊ ဘိုဘိုဟန်ကိုလည်းကောင်း၊ နောက်ဆုံး မင်းအောင်ကိုလည်းကောင်း သူ အားကျခဲ့၏။ သူတို့ကဲ့သို့ နာမည်ကျော် အဆိုတော်ဖြစ်လိုခဲ့၏။

သို့သော် သူတို့၏ အဓ္ဈတ္တသန္တာန်ကို သူမသိချေ။ သူတို့တွင် ရိုးရာဂီတရှိနေမှန်း သူမသိချေ။

မင်းမင်းလတ်သည် နတ်ချင်းစသော ရိုးရာဂီတကို ကျွမ်းကျင်မှန်း သူ ဘယ်လိုလုပ် သိပါမည်နည်း။ မင်းအောင်သည် တောနှင့် တောင်စွယ် နာမည်ကြီးမှန်း သူ နားမလည်သေးပါ။

ဤနေရာတွင် သူသည် နာမည်ကြီးသင့်သလောက် မကြီးရှာဘဲ ပေါ်ပင်အခြေအနေ၌သာ နေရသောအဖြစ်သို့ ရောက်လေ၏။

အနုပညာရှင်ဖြစ်သော သူကိုယ်တိုင်၌ အခြေခံသဘောတရားမရှိ သောအခါ သူ့ပရိသတ်ကတော့ ဘာများ သိနိုင်ပါဦးမည်နည်း။

ထိုသို့ သိတတ်မှုနည်းပါးသော ပရိသတ်အချို့၏ လက်ခုပ်သံ အောက်တွင် ဇေဇေ နစ်မျောနေသော ကာလ၌ သူ့ဆရာ ဦးဝင်းဦးသည် သူ့ကို စိတ်ပျက်မိလေသည်။ သင်းတစ်ယောက်တော့ဖြင့် သွားရှာပြီဟူ၍…

ဦးဝင်းဦးက သူ့ကို စွန့်ပစ်ခြင်းမပြုခဲ့သည့်တိုင် သူနှင့် ကင်းကွာခဲ့၏။

သူ့တစ်ကိုယ်ရေ တစ်ကာယဖြင့် ဂီတနယ်တွင် လှုပ်ရှားခဲ့လေသည်။

ပိုဆိုး၏။

အရက်သမားသည် ထိန်းချုပ်မှု ကင်းလေလေ မူးလေလေ ဖြစ်ဘိ သကဲ့သို့ ဇေဇေသည် ယခုတိုင် သူကဲ့သို့ ဂီတကို လွယ်သည်ထင်သော

mgyoe.com

mgyoe.com SAMPLE BOOK

ပုရိသအပေါင်းအသင်းများကြားဝယ် ပျော်ရွှင်စွာ နေထိုင်နေလေတော့သည်။
ယခုတိုင်။

*

"ဒါ ကျွန်တော့်တပည့်ရင်း မောင်ဇေအောင်ဇေပဲဗျ"
ဦးဝင်းဦးက မိတ်ဆက်ပေး၏။
ဒေါ်ရွှေစင်သည် ဇေဇေ့ကို ဖျတ်ခနဲ တစ်ချက်ကြည့်၏။ ပြီးတော့ ပြုံးပြ၏။ အထက်စီးမှ ပြုံးပြခြင်းမျိုးဖြစ်၏။
ဇေဇေကလည်း အလိုက်သင့်ထက် ပိုစွာ ပြုံးပြမိလေ၏။
"အေး... အေး... ကြိုးစားပေါ့ကွယ်၊ မင့်သီချင်းတွေ မမ နားထောင်ဖူးပါတယ်"
"ဟုတ်ကဲ့ ဝမ်းသာပါတယ် မမ"
"ဒါပေမဲ့ သိပ်တော့ အားမရသေးဘူးကွယ်"
"ခင်ဗျာ..."
"မင့်ဟာက သိပ်ပြီး ဘိုသံပေါက်နေတာကိုး"
"ဘိုသီချင်းတွေကို မြန်မာလို ပြန်ဆိုတာကိုး ခင်ဗျ"
ဒေါ်ရွှေစင်သည် မောင်ဇေဇေကို စူးစူးရဲရဲကြည့်လိုက်၏။
"နေစမ်းပါဦးကွဲ့၊ မင်း မြန်မာသီချင်းစစ်စစ် ဆိုတတ်သလား"
"ဘယ်ဟာကို မြန်မာသီချင်း ခေါ်တာလဲ မမ"
"ယိုးဒယားတို့၊ ဒိန်းသံတို့ပေါ့"
"ယိုးဒယားဆိုတာ မြန်မာသီချင်းလား... ယိုးဒယား သီချင်းလား မမ"
သည်ကောင်ကလေး ဂျစ်ကန်ကန်နိုင်သည်ကတော့ သေချာပြီဟု မမရွှေစင် နားလည်မိလေသည်။
မည်သို့ပင်ဆိုစေ၊ မည်သို့ပင်ရှိစေ ဆိုရာဌ ဂီတနှင့်ပတ်သက်၍ တစ်ယောက်နှင့်တစ်ယောက် သဘာဝချင်း မတူစေကာမူဟု ဆိုလိုပါသည်။
မည်သို့ပင်ရှိစေ ဒေါ်ရွှေစင်သည် သည်ကောင်လေးနှင့် အချီအချ စကားပြောရမည်ကို ကျေနပ်နေ၏။ အဘယ်ကြောင့် ဤသို့သော စိတ်ဓာတ်
mgyoe.com

mgyoe.com SAMPLE BOOK


မျိုး ဖြစ်ပေါ်လာမိသည်ကိုကား ဒေါ်ရွှေစင်သာ သိပေလိမ့်မည်။ ၄၀ ဝန်းကျင် မိန်းမကြီးများ၏ အတွင်းစိတ်ကို သိဖို့ရာ မည်သူတတ်နိုင်ပါမည်နည်း။

တစ်ခုတော့ရှိသည်။

ဇေဇေ၏ ရုပ်သည် သန့်ပြန့်၏။ ယောကျ်ားချော,ချောသည်ဟု ပြောလိုက ရ၏။ အသားဖြူသလို ညိုသလိုနှင့်နေ၏။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးများကို ရိတ်သင်ထားသဖြင့် စိမ်းမြ ရှိန်းမြသော မျက်နှာသည်လည်း ရှိချေ၏တကား။

ဤမျှလောက် ပြောပြလျှင် ဇေဇေသည် ဆံပင်ရှည်ကလေးနှင့် ကြည့်ကောင်းသော ကောင်ကလေးမှန်း နောက်ထပ် ပြောပြစရာလိုမည်မထင်ပါ။

ဒေါ်ရွှေစင်သည် ဇေဇေကို စိတ်ဝင်စားသည်မဟုတ်သည့်တိုင်အောင် ကြည့်မိသည်တော့ ကြည့်မိသည်သာ။ မိန်းမတို့၏ ကြည့်ခြင်းအတတ်ပညာကို လူကြီးမင်း သိနိုင်ပါသည်။

*

ရုပ်ရှင်ဂီတလောက၌ ကျင်လည်ကျွမ်းကျင်ပြီးဖြစ်သော မင်းသားကြီး ဦးဝင်းဦးသည် ဒေါ်ရွှေစင်ဟူသော မိန်းမတစ်ယောက်နှင့် ဇေဇေဟူသော ကလေးသာသာ ကောင်လေးတစ်ယောက်တို့၏မလိုအပ်သော စကားရည်လုပွဲကို သိမ်းဆည်းရန် လူကြီးတစ်ယောက် ပီသစွာ စကားဖြတ်ရလေတော့သည်။

"ကဲ... ကဲ ဒေါ်ရွှေစင်၊ ကျွန်တော်တို့ အသံဖမ်းခန်းထဲကနေ နားထောင်ကြရအောင်"

ဒေါ်ရွှေစင်သည် ဦးဝင်းဦးခေါ်ရာသို့ လိုက်ပါလာ၏။

ဇေဇေသည် လျော့ရိလျော့ရဲနိုင်သော ဒေါ်ရွှေစင်၏ကိုယ်လုံးကို နောက်မှကြည့်၍ နေရစ်ခဲ့၏။

အသံသွင်းခန်းအနီး ရောက်သောအခါ ဒေါ်ရွှေစင်က ဦးဝင်းဦးအား စကားတစ်ခွန်းဆိုလေသည်။

"ဒီကောင်လေးကို မင်းသား တင်ရိုက်ဖို့ ကောင်းတယ်"

"ဘာဗျ..."

mgyoe.com

mgyoe.com
SAMPLE BOOK


"ကျွန်မ သူ့ကို မင်းသားတင်ရိုက်ချင်တယ်လေ"

စောစောကတွင် စတီရီယိုနှင့် မြန်မာ့သံ ပြဿနာဖြစ်ခဲ့ရသော ဇေဇေ့ကို ဒေါ်ရွှေစင်က ဘာစိတ်ကူးဖြင့် မင်းသား တင်ရိုက်ချင်စိတ် ပေါ်လာမှန်း ဦးဝင်းဦး စဉ်းစားမရတော့ချေ။

ဒေါ်ရွှေစင့်တစ်ယောက် ဘာစိတ်ကူးပေါက်သနည်း။ ပြန်၍များ ရောဂါထပြီလား။

စိတ္တဇသည်ဒေါ်ရွှေစင်ကို ဦးဝင်းဦးက ငေးကြောင်ကြည့်မိသည်။

✦

mgyoe.com

mgyoe.com SAMPLE BOOK

# ။ ၅ ။

"စဉ်းစဉ်းစားစားလည်း လုပ်ပါမှပေါ့ မရွှေစင်ရယ်"

"ကျွန်မ အလုပ်တစ်ခုကို မစဉ်းစားဘဲ ဘယ်တုန်းကများ လုပ်ဖူးလို့လဲ ကိုလိပ်ပုရဲ့"

အထက်ပါ စကားများ ပြောဆိုနေကြသူများမှာ လူရွှင်တော် ဒါရိုက်တာ ဦးလိပ်ပုနှင့် မင်းသမီးကြီး ဒေါ်ရွှေစင်တို့ဖြစ်ကြပါသည်။ ဒေါ်ရွှေစင်၏ နေအိမ်တွင် စကားပြောဆိုနေကြခြင်းဖြစ်ပါသည်။

ဦးလိပ်ပုသည် အကယ်ဒမီဆုရ ရုပ်ရှင် ဒါရိုက်တာတစ်ဦးဖြစ်သလို လူရွှင်တော် သရုပ်ဆောင်တစ်ဦးလည်းဖြစ်ပါသည်။

ဒေါ်ရွှေစင် အကယ်ဒမီရူး ရူးနေသည်ကို ကိုလိပ်ပု ကောင်းစွာ သိရှိထားခဲ့သည်။ သည့်အလျောက်လည်း ဒေါ်ရွှေစင်နှင့် သူ ဆုံသည့်အခါတိုင်း (ဆုံသည့်အခါတိုင်း... ဆိုရာ၌... သူက ဒါရိုက်တာ၊ ဒေါ်ရွှေစင်က မင်းသမီး အဖြစ် ရုပ်ရှင်ရိုက်ကူးရန် ကြုံဆုံကြသည်ကို ဆိုလိုပါသည်။) သူသည် ဒေါ်ရွှေစင်ကို ကရုဏာသက်စွာသော အကြည့်ဖြင့် ကြည့်မြင်ခဲ့သည့်အလျောက် ယင်းပြင် သူကိုယ်တိုင်ကလည်း ဒေါ်ရွှေစင် တစ်ယောက်တော့ဖြင့် ရွှေစင်ဆု ရတန်ကောင်းပြီဟု ထင်မြင်ထားသည့်အလျောက် ဒေါ်ရွှေစင်အတွက် အကွက်ကောင်း၊ အခန်းကောင်းများကို အသားပေး ကြိုးစား

mgyoe.com

mgyoe.com SAMPLE BOOK


ရိုက်ကူးပေးခဲ့လေသည်။

သည်စေတနာကို ဒေါ်ရွှေစင်ကလည်း နားလည်၏။ သူ့ကို မင်းသမီးလာငှားတိုင်း ကုမ္ပဏီပိုင်ရှင်များအား ဒေါ်ရွှေစင် မေး၏။

"ဒါရိုက်တာက ဘယ်သူများလဲ"

ဤနေရာတွင် နားလည်ထားစရာတစ်ခုရှိသည်။ မင်းသမီး မင်းသားများ နာမည်ကြီးလာလျှင် အကြောင်းမရှိ အကြောင်းရှာပြီး လူဝါးဝတတ်သော သဘာဝတစ်ခုရှိလေသည်။ ကိုယ်နှင့် ဆိုင်သည်၊ မဆိုင်သည် အပထား၊ မိမိကို အားကိုးလာသော သူအား အခွင့်အရေးယူလိုသော သဘောဖြစ်၏။ ဘယ်ဒါရိုက်တာနဲ့ ရိုက်မှာလဲ၊ ဘယ်သူ့ဝတ္ထုလဲ၊ ဘယ်သူ့ဇာတ်ညွှန်းလဲ၊ ဘယ်သူ့စက်အဖွဲ့လဲ၊ ဘယ်မင်းသားနဲ့ တွဲရမှာလဲ စသည်... စသည်ဖြင့်။

ဒေါ်ရွှေစင်ကား ဤသဘောမျိုးပေါင်း မြောက်မြားစွာကို လုပ်ခဲ့ဖူးလေပြီ။

သို့သော် ယခု ပြောပြနေသော 'ဘယ်ဒါရိုက်တာနဲ့ ရိုက်မှာလဲ' ဆိုသော မေးခွန်းမျိုးကို ဒေါ်ရွှေစင် မေးတတ်ဖူးရာ၌ လူဝါးဝခြင်းမဟုတ်ချေ။ သူ့၌ အကြောင်းရှိ၏။ ထိုအကြောင်းသည် ပြောပြရန်ပင် မလိုပါ။

စောစောကပြောခဲ့သော၊ သူ့အပေါ် နားလည်မှုရှိသော၊ သူ့ကို အကယ်ဒမီ ရွှေစင်ရုပ်ဆု မရ ရအောင် ရိုက်ကူးပေးလိုသည့် စေတနာအရင်းခံရှိနေသော အကယ်ဒမီ ဒါရိုက်တာ လူရွှင်တော် ကိုလိပ်ပုကြောင့်ပင် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ကိုလိပ်ပု၏ စေတနာကို သူသိထားသည့်အလျောက် ကိုလိပ်ပုနှင့်သာရိုက်ကူးလျှင် တစ်ချိန်မဟုတ်တစ်ချိန်၊ တစ်ကွက်မဟုတ် တစ်ကွက် တင်ငါသည်၏ သေးငယ်လှစွာသော ငါးမျှားချိတ်အဖျား၌ ဟပ်မိအပ်သော ပင်လယ်ငါးကဲ့သို့ တစ်နှစ်နှစ်တွင် (နောင် အနှစ် ၃၀ လောက်၊ သူ့အသက် ၇၀ လောက်) အကယ်ဒမီတံဆိပ်ဟူသော ရွှေစင်ရုပ်ဆုကို သူရရှိလိမ့်မည်ဟု စိတ်ကူးယဉ်ကြီးစွာ၊ ပင်ပန်းကြီးစွာ မျှော်လင့်ထားခဲ့သောကြောင့်ဖြစ်လေသည်။

လူကြီးမင်း ရှင်းလိမ့်မည် ထင်ပါသည်။

mgyoe.com

 SAMPLE BOOK 

ဒေါ်ရွှေစင်သည် သူ လက်ခံရသမျှ ဇာတ်ကားများတိုင်း မည်သည့် ဒါရိုက်တာနှင့် ရိုက်ကူးမည်ကို မေးရသည့်အကြောင်းရင်းမှာ အထက်ပါ အကြောင်းကြောင့်ပင်ဖြစ်လေသည်။ ထို့ကြောင့် ဒါရိုက်တာကိစ္စ မစဉ်းစား ရသေးဘူးဟုဆိုလျှင် ကိုလိပ်ပုနှင့်ပင် ရိုက်ကူးရန် သူ တိုက်တွန်းမြဲဖြစ်ခဲ့၏။

ထို့အတူ ကိုလိပ်ပုကိုလည်း ရုပ်ရှင်ရိုက်ကွင်း၊ ရုပ်ရှင်နှင့်ပတ်သက် သောကိစ္စအပြင် အခြားအပြားသောကိစ္စ၊ ဝိစ္စများ၌လည်း အမြဲတမ်း ဆက်သွယ်အားကိုးမှု ရှိခဲ့လေသည်။ (တခြားဟာ ချော်မတွေးလိုက်ကြပါ နှင့်။)

ဤသို့အားဖြင့် မိတ်ဆွေရင်းချာလည်းမက၊ ဆရာတပည့်လည်း မကျစွာ ကိုလိပ်ပုနှင့် ဒေါ်ရွှေစင်တို့ ဆက်ဆံပတ်သက်ခဲ့သည့်အလျောက်...။

"မရွှေစင် ဆုံးဖြတ်ပြီးပြီဆိုရင် ကျုပ် ပြောစရာအကြောင်းမရှိဘူး ထင်တယ်။ ဒါပေမဲ့ ဆိုလိုတာက မင်းသားသစ်တစ်လက် တင်တယ်ဆိုတာ လွယ်တာမဟုတ်ဘူးဗျ"

ဒေါ်ရွှေစင် ရယ်မောလိုက်လေသည်။ ထိုသို့ ရယ်မောခြင်းသည် ဒေါ်ရွှေစင် ကိုယ်တိုင်၌ကလည်း မင်းသားသစ် တင်ရေးကိစ္စနှင့်ပတ်သက်၍ မည်မျှခက်ခဲကြောင်း သိနေမှန်း ပေါ်လွင်နေသည်ကို ကိုလိပ်ပု သိ၏။

မင်းသားသစ် တင်လိုလျှင် နံပါတ်တစ်အချက် ထိုမင်းသားသစ်၌ ငွေကြေးမည်မျှ စိုက်ထုတ်နိုင်စွမ်းရှိမည်ကို လေ့လာရမည်။ ထိုမင်းသားသစ် သည် မည်မျှ အတိုင်းအတာအထိ အောက်ကျို့နိုင်စွမ်းရှိမည်ကို လေ့လာ ရမည်။ ပြောသာပြောရသည်၊ သည်တစ်ချက်တည်းနှင့်ပင် မင်းသားသစ် ရွေးချယ်ပွဲကား ပြီးမြောက်တတ်လေသည်။

ဤသည်ကား အများသိထားသော ယနေ့ မင်းသားသစ် ရွေးချယ် နည်းဖြစ်လေသည်။

တကယ်တော့မူ ပရိသတ် လက်ခံနိုင်သော အခြေအနေအထိ ရောက် ရှိလာအံ့သော မင်းသားသစ်တစ်လက် ဖြစ်ဖို့ရန်မှာ ငွေကြေး စိုက်ထုတ်နိုင် မှုသည် အဓိကမဟုတ်မှန်း ဒေါ်ရွှေစင် သိတန်သလောက်တော့ သိပါသည်။ လူသည် အရည်အချင်းမရှိလျှင် လိုရာ မရောက်နိုင်ပေ။ တစ်စုံတစ်ရာ လုပ်လျှင် တစ်စုံတစ်ရာဖြစ်သည်မှန်သော်လည်း ကံ၊ ဉာဏ်၊ ဝီရိယ

mgyoe.com

mgyoe.com SAMPLE BOOK


သုံးပါးသော ဂုဏ်နှင့် မကိုက်ညီပါက လုပ်သလောက် မဖြစ်ချေ။

ဖြစ်ထိုက်သောသူသည် ဖြစ်သည်သာတည်း။

ဒေါ်ရွှေစင်သည် ဤမျှအထိ မနက်နဲတတ်သေးချေ။ ဆေးခွက်အတွင်းမှဆေးသည် ပန်းချီဆရာထက် မည်ကဲ့သို့လျှင် ပန်းချီကားအကြောင်း သိနိုင်စွမ်းပါမည်နည်း။

ရုပ်ရှင်မင်းသား မင်းသမီးသည် ရုပ်ရှင် အနုပညာ အတတ်ပညာ အကြောင်းကို ဒါရိုက်တာလောက် ဘယ်မှာသိမည်နည်း။

"ကျွန်မလည်း အတွေ့အကြုံ ရှိသင့်သလောက်တော့ ရှိပါတယ် ကိုလိပ်ပုရယ်၊ ဒီကောင်လေးဟာ ဖြစ်ကို ဖြစ်နိုင်တယ်လို့ ကျွန်မ ယုံကြည်တယ်"

ဤစကားကို ဒေါ်ရွှေစင် ပြောသောအခါ ကိုလိပ်ပု ရယ်လေသည်။

"ဒီလူငယ်ရဲ့ ရုပ်ရည်၊ အမူအရာ၊ စိတ်ထားတွေကို မသိသေးဘဲ ကျုပ် ဘယ်လိုဆုံးဖြတ်မလဲ မရွှေစင်"

"ဒါဆိုရင် တစ်ရက် နှစ်ရက်အတွင်း ကောင်လေး အခြေအနေ လိုက်ကြည့်ပါဦးလား ကိုလိပ်ပု"

ကိုလိပ်ပု ရယ်ပြန်လေသည်။

"ဘာဖြစ်လို့ ဒါလောက် အလောတကြီးဖြစ်နေရတာလဲ မရွှေစင်ရယ်"

မှန်သည်။ ဘာဖြစ်လို့ ဒါလောက်အရေးတကြီးဖြစ်နေမှန်း ဒေါ်ရွှေစင် ကိုယ်တိုင် သူ့ဘာသာသူ မသိရှာချေ။

ရယ်စရာတော့ ကောင်းသည်။ လူတို့သည် မိမိတို့ဘာသာ မသိဘဲလျက် အလောတကြီး လုပ်တတ်ကြသည်။

သို့သော် 'ရယ်စရာတော့ ကောင်းသည့်' ကြားမှပင် စဉ်းစားဖွယ်တော့ ရှိပါသေးသည်။

လူသည် မိမိစိတ်၌ ဖြစ်ပေါ်လာသော ဆန္ဒကို မရမနေ ဖော်ချင်တတ်ကြ၏။ မျက်လုံးဖြင့်လည်းကောင်း၊ အမူအရာဖြင့်လည်းကောင်း၊ ပါးစပ်ဖြင့်လည်းကောင်း...။

တစ်ခါတစ်ရံတွင် ဆန္ဒသည် နှလုံးသားနှင့် ဦးနှောက်ကို အနိုင်ယူတတ်ပါသည်။ သို့သော် ဆန္ဒသည် အမြဲတစေဆိုသလို ဦးနှောက်အသိနှင့်

mgyoe.com

mgyoe.com

နှလုံးသားအသိကို ဆန့်ကျင်တတ်၏။ ဆန္ဒသည် မသိစိတ်ဟူ၍ သတ်မှတ်သူတို့ဖြစ်ပေသည်။

ဘာဖြစ်လို့ ဒါလောက်လောကြီးနေသလဲဟူသည့် ကိုလိပ်ပု၏ မေးခွန်းကို ဒေါ်ရွှေစင် မဖြေတတ်။ ထို့ကြောင့် ထုံးစံအတိုင်း လှီးလွှဲ၍ ဖြေလေသည်။

"ကျွန်မ ကုမ္ပဏီမှာ ကားတစ်ကားစာ ဇာတ်လမ်းတင်ဖို့နေရာ ရှိနေတယ်။ ပြီးတော့ ကျွန်မကိုယ်တိုင် တွေးထားတဲ့ ဇာတ်လမ်းတစ်ပုဒ်လည်း ရှိတယ်။ အဲဒါကို အမြန်တင်ချင်တယ်"

"အဲဒါနဲ့ မင်းသားသစ် တင်ချင်တာနဲ့ ဘာဆိုင်လို့လဲ"

"မင်းသားသစ်နဲ့မှ လိုက်မယ့်ဇာတ်မို့ပေါ့"

ကိုလိပ်ပု ဘာမှထပ်မပြောတော့ချေ။ တစ်စုံတစ်ရာသော ဆန္ဒပြင်းပြလာလျှင် ဒေါ်ရွှေစင် ဖွတ်လုပ်တတ်မှန်း သူငယ်ချင်းတစ်ယောက်အနေနှင့် သူသိ၏။

"ကျွန်မ ဇာတ်လမ်းပြောပြလိုက်ရင် ကိုလိပ်ပု သဘောပေါက်မှာပါရှင်။ ပြီးတော့ ခု ကျွန်မပြောနေတဲ့ ကောင်လေးကလည်း နာမည်လုံးဝမရှိတဲ့ လူမဟုတ်ပါဘူး။ သူ့နေရာလေးနဲ့ သူတော့ စတီရီယိုလောကမှာ နာမည်ကြီးလေးပါ။ ဒါပေမဲ့ သူ့ရဲ့ ဒီစတီရီယိုစိတ်နဲ့ အသံတွေကိုတော့ ဖျောက်ပစ်ရမယ်။ ကျွန်မ ဇာတ်လမ်းမှာက မြန်မာ့အသံနဲ့ သီချင်းဆိုရမှာ"

"ဆိုစမ်းပါဦးဗျ... ခင်ဗျားဇာတ်လမ်း"

"နေဦး၊ ဇာတ်လမ်းမပြောခင် ဇာတ်လမ်းနာမည်ကို အရင်ပြောပြမယ်"

"ပြောပါဦး"

"အကယ်ဒမီတဲ့ ရှင့်"

ကိုလိပ်ပု စိတ်၌ ကရုဏာဖြစ်မိပါသည်။

ဒေါ်ရွှေစင်တစ်ယောက် သည်ရောဂါ မပျောက်ရှာသေးပါလား။

✦

mgyoe.com

mgyoe.com SAMPLE BOOK

# | ၆ |

ဒေါ်ရွှေစင်က ကိုလိပ်ပုကို ပြောပြသော ဇာတ်လမ်းမှာ အောက်ပါ အတိုင်းဖြစ်လေသည်။

*

တစ်ရံရောအခါ ဒေါ်ငွေငွေဆိုသော မိန်းမကြီးတစ်ယောက်ရှိလေ သည်။ သူသည် ချမ်းသာကြွယ်ဝ၏။ မာနကြီး၏။ တစ်ခုလပ်ဖြစ်၏။ လင်ယောကျ်ားမရှိသည့်နောက်ပိုင်း ရောက်တတ် ပေါက်တတ်ရာရာ ငွေရ မည့် အလုပ်မှန်သမျှကို အကုန်လုပ်၏။ (ကိုယ်နှင့်ရင်းရသော အလုပ်မပါ) အဆုံးစွန် ဖှောင်ခိုလုပ်ငန်းအထိ သူ လုပ်၏။ လုပ်သည်ဆိုရာ၌ ကိုယ်တိုင် ပါဝင်လုပ်ဆောင်ခြင်းမျိုးမဟုတ်၊ ငွေအရင်းအနှီး စိုက်ထုတ် လုပ်ကိုင်ခြင်းကိုသာ ဆိုလိုသည်။ အဆုံးစွန်ထက် အဆုံးစွန်သောအကြောင်း ကို ပြောပြရပါမူ အဘယ်စီးပွားရေးလုပ်ငန်းသည် ယနေ့ အဆင်ပြေနေ သနည်း။ ထိုလုပ်ငန်းကို ဒေါ်ငွေငွေ လုပ်လေသည်။ ဥပမာ–ဘိုဘိုဟန် ဆီးပေါင်းမှအစ တရုတ် အမွှေးတိုင်အထိ။

မိန်းမသားတစ်ယောက်အနေနှင့် စီးပွားရေးလုပ်ငန်းများကို ကော့လန် ကော့လန် ဟိုချောင်ဝင် သည်ချောင်ထွက် လုပ်ကိုင်ရသည်မှာ သမာဓိ

mgyoe.com

mgyoe.com SAMPLE BOOK


**(ရိပ်သာများမှရသော သမာဓိကို မဆိုလိုပါ။ သိက္ခာ သမာဓိကို ဆိုလိုပါသည်။)** ကျဆင်းသည်မှန်သော်လည်း စီးပွားရေးအနေနှင့်မူ ဒေါ်ဌေးဌေး အကြီးအကျယ် အောင်မြင်ခဲ့လေသည်။

ဤမျှ ရှည်ရှည်ဝေးဝေး ပြောပြရန်မလိုဘဲ တိုတိုတုတ်တုတ် ပြောရပါမူ...

ဒေါ်ဌေးဌေးသည် လှပသော မိန်းမတစ်ဦးဖြစ်ပါသည်။ လင်သား၏ ပစ်ခွာသွားခြင်းခံရသော တစ်ခုလပ်မိန်းမကြီးတစ်ဦးလည်းဖြစ်ပါသည်။ သူသည် စီးပွားရေးမျိုးစုံ လုပ်ကိုင်ခြင်းဖြင့် ချမ်းသာနေလေသည်။ သူ့တွင် အရွယ်ရောက်ပြီးဖြစ်သော တက္ကသိုလ်ကျောင်းသူ သမီးငယ်တစ်ဦးရှိ၏။ သမီးငယ်နှင့် အတူမနေရရှာချေ။ သမီးငယ်သည် သူ့ကိုပစ်ခွာသွားသော ဖခင်လက်ထဲ၌ ရောက်ရှိနေ၏။

ဒေါ်ဌေးဌေးသည် လင်ပစ်မအဖြစ် နေလာခဲ့ရသည် မှန်သော်လည်း အချစ်စိတ်၊ ယောကျ်ားသားတစ်ဦးနှင့် ဆက်ဆံရင်းနှီးလိုစိတ်ကား မကုန်ခန်းသေးချေသည်ကို အပြစ်ဆိုဖွယ် အကြောင်းမရှိချေ။ ထို့ကြောင့် တစ်နေ့သော အခါတွင် ဒေါ်ဌေးဌေးသည် သူနှင့် အသက် ၁၅ နှစ်မျှ ကွာခြားသော ရုပ်ရှင်မင်းသား တက်သစ်စ လူငယ်လေးတစ်ဦးနှင့် မတော်တဆ ရင်းနှီးမိခဲ့လေသည်။ ရင်းနှီးသည် ဆိုရာ၌ နှီးနှောခြင်း၊ ဆက်ဆံခြင်းကို မဆိုလိုပါ။ ရင်းနှီးခင်မင်ခြင်းကိုသာ ဆိုလိုပါသည်။

သူနှင့် ရင်းနှီးမိသော မောင်မြင့်ဆောင်ဆိုသူ သူငယ်လေးသည်လည်း ရုပ်ရှင်မင်းသား ဝင်းဦး၏ ချစ်သောမောင်မောင်၊ နှစ်ယောက်ထဲနေချင်တယ် စသော ဇာတ်ကားများကို ကြည့်ရှုမိပြီးကတည်းက 'မမ' ရောဂါ စွဲကပ်သူလေး ဖြစ်လေသည်။ ဒေါ်ဌေးဌေးနှင့် တွေ့သောအခါ မောင်မြင့်ဆောင်သည် 'မမ' ရောဂါ ကျွမ်းတော့မည်ကို အထူးဆိုဖွယ်မရှိတော့ချေ။

တစ်စ တစ်စနှင့် ရုပ်ရှင်မင်းသား မောင်မြင့်ဆောင်သည် စီးပွားရေးသမားကြီး ဒေါ်ဌေးဌေးနှင့် ပိုမို ရင်းနှီးလာလေတော့သည်။

အတိုချုပ်၍ ပြောရပါမူ ဒေါ်ဌေးဌေးနှင့် မောင်မြင့်ဆောင်တို့သည် စောစောက ပြောခဲ့သော ရင်းနှီးမှုထက်ပိုသည့် ရင်းနှီးမှုအဆင့်သို့တိုင် တိုင်ခဲ့ကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


သူ့ကို မည်သို့မည်ပုံ ရိုးသားစွာ ရင်းနှီးရာမှ မရိုးသားစွာ အဆင့်ဆင့် ရင်းနှီးခဲ့ကြသည်ကိုကား ပြောပြရန်မလိုချေ။ ထုံးစံအတိုင်း တဖြည်းဖြည်းနှင့် တဖြည်းဖြည်းခဲ့ကြသည်ဟုသာ နားလည်ထားလျှင် လုံလောက်ပါပြီ။

မည်သို့ပင်ရှိစေ ဇာတ်လမ်းတို့၏ သဘာဝအတိုင်း လမ်းကြောင်း ရှိရပေမည်။ လမ်းကြောင်းဆိုသည်မှာ ဖြောင့်တန်းခြင်းသဘောမရှိချေ။ နည်းနည်းကလေးဖြစ်ဖြစ် ကောက်ကွေ့ရပေမည်။ သို့မှလည်း အာရုံ အပြောင်းအလဲရှိမည်။ မြင့်ခြင်း၊ နိမ့်ခြင်း၊ ကွေ့ခြင်း၊ ကောက်ခြင်းမရှိသော လမ်းကြောင်းသည် ပျင်းရိဖွယ်ကောင်း၏။ ဥပမာ ရန်ကုန်မြို့ရှိ ဖြောင့်တန်းသော အင်းစိန်လမ်းမကြီးပေါ်၌ မော်တော်ကား မောင်းနှင်ရခြင်းထက် ရှမ်းပြည်တောင်တန်းပေါ်၌ မော်တော်ကား မောင်းနှင်ရခြင်းကား ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်မဟုတ်ပါလား။

ဇာတ်လမ်းတို့၏ သဘောသည် ကွေ့ကောက်နိမ့်မြင့်ခြင်းများ ရှိရပေမည်။ ဇာတ်လမ်းသည် လူစိတ်ဝင်စားဖွယ်ရာ ကောင်းသောအရာ ဖြစ်ရပေမည်။

ထို့ကြောင့် ဒေါ်ဌေးဌေးနှင့် မောင်မြင့်ဆောင်တို့၏ ဇာတ်လမ်းသည် တွေ့ကြုံချစ်ကြိုက် ပေါင်းစည်းမိကြလေသတည်း... ဆိုရုံနှင့် မပြီးချေ။ ကွေ့ကောက် နိမ့်မြင့်ရပေဦးမည်။ ရပါသည်။

အဘယ်ကြောင့်ဆိုသော်...။

တစ်နေ့သောအခါ ဒေါ်ဌေးဌေး၏ သမီး သစ်သစ်သည် ဒေါ်ဌေးဌေး ထံသို့ ပြန်လည်ရောက်ရှိခဲ့လေသည်။ သူ့ကိုခေါ်ဆောင်သွားသူ ဖခင်သည် ယခုအခါ ဆုံးပါးခဲ့လေပြီ။ သူ ဆုံးပါးသောအခါ အမွေပစ္စည်းများနှင့်တကွ ငွေကြေးအားလုံးကို သမီး သစ်သစ်နာမည်နှင့် လွှဲပြောင်းပေးခဲ့လေသည်။

သစ်သစ်သည် ဖခင်ထံမှ အမွေရရှိပြီးနောက် ဖခင်၏ မိသားစု ဝတ်လုံ ညွှန်ကြားချက်အတိုင်း ရှိပစ္စည်းများနှင့်အတူ မိခင်ထံသို့ ပြန်လည် ရောက်ရှိလာခြင်းဖြစ်လေသည်။ ဒေါ်ဌေးဌေးသည် ထိုအချိန်တွင် မေတ္တာ တရား သုံးမျိုး သုံးစားကို တစ်ပြိုင်နက်တည်း ခံစားလိုက်ရလေတော့သည်။

နံပါတ်တစ် အနှစ်နှစ် အလလ တောင့်တခဲ့သော သမီးကလေး၏ မေတ္တာ။

mgyoe.com

mgyoe.com


နံပါတ်နှစ် လတ်တလော အချစ်ငှတ်နေသူ သူ့ဘဝအတွက် အရာရာ ဖြည့်တင်းပေးနေသော...'မောင်လေး'၊ 'မောင်လေး' ဟု ချစ်စနိုး ခေါ်ရအပ်သော၊ အတန်းထဲတွင် ဆီးငန်စေ့ ခိုးစားရဘိသကဲ့သို့ တိုးတိုးတိတ်တိတ် လူမသိစွာ ချစ်ရသော၊ မျက်နှာထားကြီးတင်းလျက် ခေါင်းခေါက်ဟယ်၊ ပေါင်တွင်းကြော ဆွဲလိမ်ဟယ်နှင့် ချစ်ရသော၊ အထက်စီးမှနေ၍ အောက်ကျို့စွာ ချစ်ရသော... အမြဲတစေ စိတ်ကောက်ချင်ဟန်ဆောင်နေရသော မေတ္တာ။

နံပါတ်သုံး မိမိအား စွန့်ခွာသွားပြီး မိမိကဲ့သို့ နောက်အိမ်ထောင် မပြုဘဲလျက် သစ္စာရှိစွာ နေခဲ့သော အချစ်ဦး သို့မဟုတ် မိမိ၏ တစ်ဦးတည်းသော တရားဝင် ယောကျ်ားသည် ဇီဝိန်ချုပ်ခါနီးမှ သူ၏ မေတ္တာတရား ကြီးမားပုံကို ပြသခဲ့သော ယောကျ်ားကောင်းတစ်ယောက်၏ မေတ္တာ။

စသဖြင့်သော မေတ္တာတရားသုံးမျိုးကို ဒေါ်ငွေးငွေး ခံစားလိုက်ရလေသည်။

မည်သို့ပင်ဖြစ်စေ မေတ္တာတရားဟု အနက်အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ကြပေါင်းများစွာ၌ အနက်နဲဆုံး၊ ချစ်စရာအကောင်းဆုံး၊ အသန့်ရှင်းဆုံး၊ အခိုင်မာဆုံးသော မေတ္တာတရားဟူ၍ အသိအမှတ်ပြုထားကြသော မေတ္တာတရားသည် လတ်တလော၌ ဒေါ်ငွေးငွေး၏ ရင်၌ ကိန်းဝပ်လေ၏။

သမီးကလေး သစ်သစ် သူ၏ရင်ခွင်သို့ ပြန်ရောက်လာသောအခါ ဒေါ်ငွေးငွေးသည် ကြီးစွာသော တုန်လှုပ်မှုနှင့်အတူ ကြီးမြတ်လှစွာသော သားသမီးမေတ္တာကို ခံစားရလေသည်။ ထိုအခါ သူ့၌ လောလောဆယ် လှုပ်ရှားဝပ်တွားနေသော တိတ်တိတ်အချစ်များသည် ခဏတာမျှ ပြယ်ပျောက်ရလေသည်။ မောင်မြင့်ဆောင်ကို သတိမေ့လျော့စွာ သမီးနှင့်သာ သူ့မေတ္တာ ထွေးရောယှက်တင်ထားရှိခဲ့လေသည်။ နှစ်ပေါင်းများစွာ ကင်းကွာခဲ့ရသော သားသမီးနှင့် မိဘမေတ္တာကို ထိုရက်ပိုင်းအတွင်း၌ ဒေါ်ငွေးငွေးသည် အစွမ်းကုန်ခံစားနေလေတော့သည်။ ဥပမာ ဗုဇကာပုဏ္ဏားသည် နတ်သုဓာတမျှသော ရှင်ဘုရင့်ပွဲတော်အုပ်ကို စားသုံးရသောအခါ စားပိုးနင့်ရဘိသကဲ့သို့ ဒေါ်ငွေးငွေးသည် သမီးလေး သစ်သစ်၏ မေတ္တာတရား၌ နစ်မျောနေလေသည်။

ထိုအတောအတွင်း မောင်မြင့်ဆောင်သည် ဒေါ်ငွေးငွေးနှင့် အဆက်

mgyoe.com

mgyoe.com

အသွယ် မပြတ်တောက်ဘဲ ရှိနေခဲ့ပါသည်။

ဒေါ်ငွေးငွေးနှင့် မောင်မြင့်ဆောင်တို့ ရင်းနှီးဆက်ဆံမှုသည် တိတ်တခိုးအဆင့်မှနေ၍ ထို့ထက် တိတ်တခိုးသော ခိုးကြောင်ခိုးဝှက်အဆင့်၌ တည်နေလေတော့သည်။

သမီးသစ်သစ် အနီးအပါး၌ ရှိနေချိန်ဝယ် ဒေါ်ငွေးငွေး၏ စိတ်သည် အလိုလိုနေရင်း မလွတ်လပ်ဘိသကဲ့သို့ သူ့နှလုံးသားကိုယ်တိုင်၌ကလည်း သားသမီးသံယောဇဉ်၌သာ ခံတွင်းတွေ့နေသည်ဖြစ်ရာ မောင်မြင့်ဆောင်အပေါ် အရင်ကလောက် သဲသဲမဲမဲ ဖောက်ပြန်ချင်စိတ်မရှိတော့ပေ။

ဒါကို မောင်မြင့်ဆောင် သတိထားမိသောအခါ ချစ်ဒေါသတွေ ထွက်ရ၏။ ဤလောက၌ သူ့ထက် ဂရုစိုက်ရသူ ရှိတန်ကောင်းသလောဟူ၍ ဖြစ်လေသည်။

မိဘတို့၏ သားသမီးအပေါ် ထားရှိသောမေတ္တာကို မောင်မြင့်ဆောင် သဘောမပေါက်ချေ။

မောင်မြင့်ဆောင်နှင့် ဒေါ်ငွေးငွေးတို့ တိတ်တိတ်ကလေး ဆုံမိကြသောအခါတိုင်း သည်ပြဿနာသည် ဖွဲမီးကဲ့သို့ ငွေ့ငွေ့လောင်မြိုက်လေသည်။

နောက်ဆုံး ဒေါ်ငွေးငွေးသည် မောင်မြင့်ဆောင်ကို ကတိတစ်ခု ပေးလိုက်ရလေတော့သည်။

ထိုကတိမှာ မည်သို့သော ပြဿနာမျိုးပင်ရှိလာပါစေ၊ မောင်မြင့်ဆောင်ကို သူ လက်ထပ်ပါ့မည်ဟူ၍ဖြစ်လေသည်။ မောင်မြင့်ဆောင် အချစ်ရူးသည် ထိုကတိကို ရရှိပါမှ စားဝင် အိပ်ပျော်သောအဆင့်သို့ ရောက်လေသည်။

သည်လိုနှင့် ကာလအတန်ကြာသောအခါသို့ ရောက်သောအခါ...။

ဤနေရာတွင် ပြောစရာတစ်ခုရှိ၏။ ဒေါ်ငွေးငွေး၏ သမီး သစ်သစ်နှင့် မောင်မြင့်ဆောင်တို့သည် တစ်ယောက်နှင့်တစ်ယောက် မတွေ့ဆုံဖူးကြခြင်းဖြစ်၏။

အဘယ်ကြောင့် မတွေ့ဆုံဖူးကြသည်ကို ပြောဆိုနေဖွယ်အကြောင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းအရာမှာ ဒေါ်ရွှေစင် ပြောပြ

mgyoe.com SAMPLE BOOK



နေသော ဇာတ်လမ်းမျှသာ ဖြစ်သောကြောင့်ဖြစ်ပါသည်။ သို့မှလည်း သစ်သစ်နှင့် မောင်မြင့်ဆောင်တို့ တွေ့ဆုံကြခန်းသည် စိတ်ဝင်စားဖွယ် ဖြစ်မည်မဟုတ်ပါလား။

ဇာတ်လမ်းဟူသည် အကွေ့အကောက် အလိမ်အဝှက် ရှိရမည်ဟူ၍ အဆိုရှိပါသည်။ သူ့ဟာသူ တွေ့လို့ရရ၊ မရရ သစ်သစ်နှင့် မောင်မြင့်ဆောင် မတွေ့မိဖို့က သည်ဇာတ်လမ်းတွင် အရေးကြီးပါသည်။ ဒါမှ ဇာတ်ကွက် ဆင်လို့ကောင်းပါမည်။

ကောင်းပါပြီ။ ထိုနံရောအခါ မောင်မြင့်ဆောင်သည် တစ်နေ့သ၌ သစ်သစ်နှင့် အမှတ်မထင် ဆုံစည်းမိကြလေတော့သည်။ ပထမတွင် ဒေါ်ငွေးငွေး၏ သမီးမှန်း သိသဖြင့် မောင်မြင့်ဆောင်သည် စိတ်၌ မည်သို့မျှ မဖြစ်။

ရှေ့ဆက်၍ အထူးဆိုဖွယ်မရှိ... မရှိတော့ပါ။ ဤမျှလောက် ပြောပြ လိုက်လျှင် တဖြည်းဖြည်းနှင့် မောင်မြင့်ဆောင်သည် သစ်သစ်အပေါ် စိတ် ဝင်စားလာတော့မည်ကို လူကြီးမင်း သိတန်လောက်ပါပြီလေ။

ထိုနည်းတူ သစ်သစ်ကလည်း မောင်မြင့်ဆောင်အပေါ် ဟိုဒင်းဖြစ်မိ လေသည်။ ဟိုဒင်းဆိုသည်မှာ အချစ်ကို ဆိုလိုပါသည်။

ဤသို့အားဖြင့် အတွင်းစိတ်မှကျိတ်ပြီး ဟိုဒင်းဖြစ်နေကြသော ကာလတွင် မောင်မြင့်ဆောင်သည် စတင်ဖောက်ပြန်လေတော့သည်။ ဖောက် ပြန်သည်ဆိုရာ၌ သစ်သစ်၏ နုပျိုသောအလှ၊ တင်းရင်းစို့ထွားသော လုံမ ပျိုတစ်ဦး၏ ကိုယ်ကာယအလှတို့နှင့် လျော့ရိလျော့ရဲ နိုင်လာပြီဖြစ်သော၊ နှုတ်ခမ်းများ ရှုံ့တွလာပြီဖြစ်သော၊ မျက်လုံးရောင်များ မှေးမှိန်လာပြီဖြစ် သော၊ ဆံစများ ညှိုးရော်လာပြီဖြစ်သော၊ မွန်းတိမ်းချိန် အလှပိုင်ရှင်ဖြစ် သော၊ ဗိုက်ခေါက်ကြီးများထူလျက် လက်မောင်းသားများ တွဲအိလာပြီဖြစ် သော ဒေါ်ငွေးငွေး၏အလှနှင့် ယှဉ်ကြည့်မိခြင်းကို ဆိုလိုပါသည်။

ရိုးရိုးသားသား ပြောကြကြေးဆိုလျှင် ရုပ်ပိုင်းဆိုင်ရာ ခံစားမှုအပေါ် တွင် စိတ်ဖောက်ပြန်ခြင်းကို ဆိုလိုပါသည်။ အချစ်ဆိုသော ယနေ့အထိ မည်သူမျှ တိတိကျကျမပြောတတ်သေးသော ကိစ္စနှင့်ပတ်သက်၍ကား မောင်မြင့်ဆောင် စိတ်၌ မပြတ်သားသေးချေ။

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ခါတစ်ရံတွင် နှလုံးသားသည် ဦးနှောက်ကို ဘာမှအသိမပေးဘဲ သူလုပ်ချင်တာကို တိတ်တိတ်ကလေး လုပ်တတ်ပါသည်။

မည်သို့ပင်ရှိစေ မောင်မြင့်ဆောင်၏ ဦးနှောက်က တတ်အားသရွေ့ ဆုံးဖြတ်ထားသည်ကား သူသည် မမဒေါ်ဒွေးဒွေးကိုသာဖြစ်သည်။ သို့သော် နှပျိုဆဲ အလှပိုင်ရှင်ဖြစ်သော သစ်သစ်ကိုလည်း ဆက်ဆံရင်းနှီးလိုနေပေသည်။ အချစ်နှင့် ရာဂစိတ်သည် တခြားစီဖြစ်သည်ဟူသော အဆိုအမိန့်က မောင်မြင့်ဆောင်၏ ဖောက်ပြန်ခြင်းကို အားပေးအားမြှောက်ပြုနေသကဲ့သို့ ရှိလေတော့သည်။

မျက်လုံးသည်လည်းကောင်း၊ မျက်နှာအမူအရာသည်လည်းကောင်း၊ စကားအပြောအဆိုသည်လည်းကောင်း၊ လူတစ်ယောက်၏ အတွင်းသဘောကို ပြပါသည်။

လူသည် အသက်ကြီးလာလေလေ၊ အတွေ့အကြုံများလာလေလေ၊ အထက်ဖော်ပြပါ မျက်လုံး၊ မျက်နှာနှင့် စကားတို့၏ အရိပ်အကဲကို ပိုမိုဖမ်းနိုင်စွမ်းရှိလေသည်။

ဒေါ်ဒွေးဒွေးသည် မောင်မြင့်ဆောင်ထက် အသက်များစွာကြီးကြောင်း အားလုံးသိပါသည်။

မောင်မြင့်ဆောင်၏ အတွင်းစိတ် ပဋိပက္ခကို ဒေါ်ဒွေးဒွေး ရိပ်ဖမ်းသံဖမ်း သိရှိရသောအခါ မည်သို့ ဖြစ်လိမ့်မည်ထင်ပါသနည်း။

မည်သို့မျှ မဖြစ်ပါ။

အနည်းငယ် စိတ်လှုပ်ရှား ဝမ်းနည်းမိသည်မှအပ မောင်မြင့်ဆောင်ကို ခွင့်လွှတ်ခဲ့ပါသည်။ တရားနှင့်ဖြေသည် ဆိုပါစို့၊ ဒေါ်ဒွေးဒွေးသည် မင်းကွန်း ဓမ္မရိပ်သာတွင်လည်း တရားထိုင်ပါသည်။ စိပ်ပုတီးလည်း စိပ်ပါသည်။ အချစ်နှင့်ပတ်သက်၍ ခွင့်လွှတ်နိုင်စွမ်းကို တရားဓမ္မနည်းဖြင့် ရရှိနိုင်စွမ်း ရှိလေသလားဟုတော့ မပြောတော့ပါ။

မောင်မြင့်ဆောင်၏ မငြိမ်သက်သော အတွင်းစိတ်သည် တစ်နေ့သောအခါတွင် မော်တော်ကားဘီး ပေါက်သကဲ့သို့ ရှူးခနဲ တိုးညင်စွာ ပေါက်ကွဲလေတော့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် သစ်သစ်အား ချစ်စကား တိုးတိုးလေး ပြောမိသောကြောင့်ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK


မြန်ဆန်လွန်းသည်ဟု မထင်လိုက်ကြပါနှင့်။

မောင်မြင့်ဆောင်နှင့် သစ်သစ်တို့ ချစ်သွားကြလေသတည်း။

သို့ရာတွင် မောင်မြင့်ဆောင်သည် သစ်သစ်၏အချစ်ကို ရလို၍ ချစ်ရေးဆိုမိခဲ့သည်လား၊ သစ်သစ်၏ သွေးသားကို ရလို၍ ချစ်ရေးဆိုခဲ့မိသည်လား သူ့ကိုယ်သူ မရှင်းလင်းသေးချေ။

မည်သို့ပင်ဖြစ်စေ သူတို့နှစ်ယောက်သည် ဒေါ်ငွေငွေ မသိစေစွာ တိတ်တိတ်ကလေး ချစ်နေခဲ့ကြလေသည်။ သစ်သစ်သည် သူ မောင်မြင့်ဆောင်ကို ချစ်နေသည့်အကြောင်း သူ့မိခင် သိမှာ အလွန်စိုးသည်။ မိခင်ထံ ပြန်ရောက်၍မှ မကြာခင်အတွင်း မိခင်အိမ်၌နေသော လူငယ်တစ်ဦးနှင့် ချစ်သွားမိခဲ့ကြသည်ကို သူ့မိခင် သိလျှင် ပွက်လောရိုက်တော့မည်ဟု သူထင်နေသည်။

သစ်သစ်သည် ငယ်ငယ်ကတည်းက ဖခင်နှင့်သာ ကြီးပြင်းလာရသူဖြစ်လေရာ မိခင်၏မေတ္တာကို ငတ်မွတ်စွာ တောင့်တခဲ့လေသည်။ သို့သော် မိခင်မေတ္တာဆိုသည်ကို သူ ကောင်းကောင်းနားမလည်ချေ။ တကယ်တမ်း မိခင်နှင့် ပြန်လည်ဆုံစည်းရသောအခါ မိခင်ကို မျက်နှာအရိပ်တကြည့်ကြည့်ဖြင့် အမြဲတစေ ကြောက်လန့်နေတတ်လေသည်။ မိခင်၏ ရင်းနှီးမှု ကင်းကွာခဲ့ရသည့်အလျောက် မိခင်ကို ကြောက်ရမည်ဟူ၍သာ စွဲလမ်းနေသည်။ သူ့ဖခင်နှင့်သာဆိုလျှင် ခုလိုကိစ္စမျိုး၌ ရဲရဲတင်းတင်းဖွင့်ပြောမိမည်မှာ သေချာသည်။ ကဲ...။ မိဘတို့ ကွေကွင်းနေကြခြင်းသည် သားသမီးတို့ စိတ်ဓာတ်ကို ကပြောင်းကပြန်တွေ ဖြစ်စေသည်မဟုတ်လား။

သစ်သစ် သနားစရာ ကောင်းရှာသည်။

ပြီးတော့ကျတော့ သူ အိပ်ပျော်နေချိန် (သူနှင့် မောင်မြင့်ဆောင်တို့ တိမ်တိုက်တွေကြားတွင် ရေကူးဝတ်စုံနှင့် ရေကူးနေကြသည်ဟူသော အိပ်မက်လှလှကလေးတွေ မက်နေစဉ်) သူ့မိခင် ဒေါ်ငွေငွေနှင့် သူ့ချစ်သူ မောင်မြင့်ဆောင်တို့ တိတ်တိတ်ကလေး အဆောင်တော်ကူးနေကြသည်ကို သစ်သစ်တစ်ယောက် မသိရှာချေ။

သည်လိုနှင့် ကာလအတန်ကြာသောအခါ ပြဿနာသည် အမိဝမ်း၌ တွယ်သော သုံးမြွာပူး ရင်သွေးများကဲ့သို့ ဟိုနေရာတိုး၊ သည်နေရာတိုးနှင့်

mgyoe.com

mgyoe.com SAMPLE BOOK


လှုပ်ရှားလာလေတော့သည်။

ဒေါ်ဌေးဌေးက မောင်မြင့်ဆောင်ကို မပြောရက် ပြောရက်ဖြင့် အရိပ်အမြွက်တော့ သူပြောသေးသည်။ မောင်မြင့်ဆောင်ကမူ မဟုတ်ရပါကြောင်း ငြင်း၍သာ နေသည်။ ဒေါ်ဌေးဌေးသည်လည်း သနားစရာကောင်းရှာ၏။ အကယ်တန္တု သမီး သစ်သစ်နှင့် သူချစ်သော မောင်မြင့်ဆောင်တို့သာ စိတ်အားဖြင့်လည်းကောင်း၊ ရုပ်အားဖြင့်လည်းကောင်း နှစ်ဦးသဘောတူ ငြိစွန်းသွားကြပြီသာဆိုလျှင် သူ့ရင် ကွဲရပေတော့မည်။

*

တစ်နေ့တွင် ဒေါ်ဌေးဌေး မရှိခိုက် သစ်သစ်နှင့် ခရီးသွားရာမှ ပြန်လာသော မောင်မြင့်ဆောင်တို့ မှောက်မှားမိကြလေတော့သည်။ မောင်မြင့်ဆောင်အဖို့ မတူသော ခံစားမှုမျိုးကို ခံစားရတော့မည်မှန်း ပြောပြရန် မလိုတော့ပေ။

'စွဲမိပါပေါ့ ခင်ရယ်' ဖြစ်တော့သတည်း။

မောင်မြင့်ဆောင်သည် အချစ်နှင့် ဆန္ဒကို ခွဲခြားမသိဘဲ တစ်စတစ်စ မိုက်ရိုင်းလာလေတော့သည်။ အကြောင်းမှာ သူသည် ထိုရက်ပိုင်းများအတွင်း မအေနှင့် သမီး နှစ်ယောက်စလုံးကို အခန်းကူး၍ အချစ်လွန်နေလေတော့သောကြောင့်ဖြစ်၏။

သည်လိုကိစ္စမျိုးသည် ကြာရှည်ဖုံးကွယ်၍မရပေ။ တစ်နေ့တွင် ဒေါ်ဌေးဌေးသည် မောင်မြင့်ဆောင်နှင့် သစ်သစ်ကို ပက်ပင်းမိလေတော့သည်။ ပက်ပင်းမိသည်ဆိုရာ၌ ဟိုလိုမျိုး ပက်ပင်းမိသည်ကို မဆိုလိုပါ။ ရုပ်ရှင် အတူသွားကြည့်နေစဉ် မိခြင်းဖြစ်ပါသည်။

ဒေါ်ဌေးဌေးသည် သူ့စိတ်ကိုသူ ထိန်းရှာပါသည်။ သည့်အလျောက်လည်း မောင်မြင့်ဆောင်ကို ရုတ်တရက် ဖွင့်မပြောဘဲ နေခဲ့ပါသေးသည်။ သို့သော် ထိုရက်ပိုင်းသည် သူ့ကို မျက်ရည်နှင့် မျက်ခွက်ဖြစ်စေသည်။ ပြီးတော့လည်း မောင်မြင့်ဆောင်ကို ပြောင်ပြောင်တင်းတင်းပင် ပထမဦးဆုံး အကြိမ်အဖြစ် သတိပေးမိလေတော့သည်။ မောင်မြင့်ဆောင်ကမူ ပေါ့ပေါ့ တန်တန်ပင် ရယ်မောပြီး မဟုတ်ပါဟု ငြင်းပြန်ပါလေသည်။ ဒေါ်ဌေးဌေး

mgyoe.com

mgyoe.com SAMPLE BOOK


သည် မုန်လာဥလုပ်နေသော မောင်မြင့်ဆောင်ကို စိတ်မထိန်းနိုင်သည့်အဆုံး ပြင်းပြင်းထန်ထန် သတိပေးလေသည်။ ထိုသတိမှာ မကြာခင်အတွင်း...။

"မင်းနဲ့ မမ လက်ထပ်ကြစို့"

*

တကယ်တော့မူ ဒေါ်ဌေးဌေး၏ အမိန့်ကို မောင်မြင့်ဆောင် ဂရုမစိုက်တော့ချေ။ သူသည် ပေါ့ပေါ့တန်တန်ပင် တိတ်တခိုး ရယ်နေခဲ့လေသည်။

ဒေါ်ဌေးဌေးသည်လည်း ပြောမည်သာ ပြောရသည်။ မောင်မြင့်ဆောင်နှင့် သမီး သစ်သစ် မည်မျှ အတိုင်းအတာအထိ ဖြစ်နေကြသည်ကို အတိအကျ မသိသေးချေ။ တော်ရုံတန်ရုံဟူ၍သာ ထင်သဖြင့် အထက်ပါ တစ်ချက်လွှတ်အမိန့်ကို ပေးလိုက်ခြင်းဖြစ်၏။

သို့သော် ဒေါ်ဌေးဌေးသည် ပြောပြီးလျှင် မဖြစ်မနေ လုပ်တတ်သူ ဖြစ်၏။ ထို့ကြောင့် ထိုကိစ္စ အကောင်အထည် ဖော်နိုင်ရန်အတွက် နံပါတ်တစ် အရေးအကြီးဆုံးဖြစ်သော သမီးကို ဖွင့်ဟတိုင်ပင်လေသည်။

သစ်သစ် ငိုလေသည်။ ပထမဦးဆုံးအကြိမ်အဖြစ် သမီးနှင့် မိခင် ရင်းနှီးပွင့်လင်းလွန်းစွာ ဆက်ဆံပြောဆိုကြလေသည်။

အဆုံးတွင် မိခင်သည် သမီးငယ်အား မိုက်တွင်း 'နက်လေခြင်း' ဟု ရိုင်းပျသော အသုံးအနှုန်းများဖြင့် ဆိုဆုံးမ၏။

သမီးကလည်း မိခင်အား 'မေမေကကော' ဟု အချစ်စိတ်မွှန်ကာ ကက်ကက်လန်မိလေတော့သည်။

*

ဒေါ်ဌေးဌေး၏ တိုက်ရှေ့တွင် ပန်းခြံကြီးရှိ၏။ ပန်းခြံကြီးထဲတွင် ရေကူးကန်လေးရှိ၏။ မောင်မြင့်ဆောင်သည် ထူးခြားလှစွာ ညကြီးမိုးချုပ်မှ ရေဆင်းဆင်းကူးတတ်လေသည်။ ယခင်အခါကများဆိုလျှင် ကြွက်သား အဖုအဖုနှင့် ထုထုပြီး ခရာချင်စရာကောင်းသော ကိုယ်လုံးကိုယ်ထည်ရှိသည့် မောင်မြင့်ဆောင် ရေကူးကန်ထဲမှ တက်လာပြီဆိုလျှင် ရေကူးကန် လှေကား ထိပ်တည့်တည့်တွင် ပက်လက် ကုလားထိုင်တစ်လုံးဖြင့် စီးကရက်ကလေး

mgyoe.com

mgyoe.com SAMPLE BOOK

ဖွာရင်း မျက်စိအရသာ ခံနေသော ဒေါ်ဌေးဌေးက ဘီယာသံဘူးကို ကမ်းပေးလျက် ပြုံးပြုံးကြီး ဆီးကြိုတတ်၏။

ယနေ့ညတွင်လည်း ထိုနည်းတူစွာပင် မောင်မြင့်ဆောင် ရေကူးနေ၏။ ဒေါ်ဌေးဌေး ပက်လက်ကုလားထိုင်ပေါ်မှ မျက်စိအရသာခံနေ၏။ ရေကန်တွင်းသို့ ထိုးထားသော ဆလိုက်မီးမှောင်းရောင်များ အောက်ဝယ် ဖျံတစ်ကောင်ကဲ့သို့ လူးလွန့်နေသော မောင်မြင့်ဆောင်ကို ဒေါ်ဌေးဌေးသည် မျက်ရည်အဝိုင်းသားဖြင့် ကြည့်နေလေတော့သည်။ အိမ်အပေါ်ထပ် တစ်ခုသော ပြတင်းပေါက်တွင်ကား သစ်သစ်သည်လည်း မျက်ရည်အဝိုင်းသားနှင့်။

မောင်မြင့်ဆောင် ရေကူးကန်ထဲမှ လှပစွာ၊ ရုပ်ရှင်မင်းသား ပီသစွာ တက်လာလေသည်။ ထုံးစံအတိုင်း ဒေါ်ဌေးဌေးသည် မောင်မြင့်ဆောင်ကို တစ်စုံတစ်ရာ လက်ကမ်းပေးလိုက်သည်။

သို့သော် ဘီယာဘူးကားမဟုတ်၊ မိန်းမကိုင် ပွိုင့်တူးတူး သေနတ်ကလေးသာ ဖြစ်၏။

ဒေးကြောင် ထိတ်လန့်နေသော မောင်မြင့်ဆောင်၏ ကြွက်သားအဖုအဖု ကိုယ်လုံးအတွင်းသို့ ကျည်ဆန်တောင့်များ မြုပ်ဝင်သွားခြင်း၊ သေနတ်သံ ခြောက်ချက် ပေါ်ထွက်လာခြင်း၊ အပေါ်ထပ်ဆီမှ ငယ်သံပါအောင် အော်ငိုလိုက်သော သစ်သစ်၏ အသံကလေးနှင့်အတူ မောင်မြင့်ဆောင်သည် သူအလွန် ပျော်မြူးစွာ ကူးခပ်ခဲ့သော ရေကန်တွင်းသို့ ရုပ်ပျက်ဆင်းပျက် ပြုတ်ကျသွားလေတော့သည်။

*

"အဲဒီဇာတ်လမ်းလေ ကိုလိပ်ပုရဲ့"

ကိုလိပ်ပုသည် လေးလေးနက်နက် စဉ်းစားလိုက်၏။

"အင်း၊ ဇာတ်ကျောရိုးကတော့ မဆိုးဘူးဗျ။ ဒါပေတဲ့ သိပ်တော့ မပြည့်စုံလှဘူး။ အကွက်ကလေးတွေ ထပ်ဖြည့်ရမယ်။ နောက်ပြီး ဇာတ်သိမ်းပိုင်းကိုလည်း ဒီထက်ထိအောင် လုပ်ရမယ်"

"အင်းဟင်း... အဲဒါကြောင့် ကိုလိပ်ပုကို ကျွန်မ အားကိုးတာပေါ့။"

mgyoe.com

mgyoe.com SAMPLE BOOK


ကိုလိပ်ပု စိတ်ထဲရှိတဲ့အတိုင်း ကောင်းမယ်ထင်သလို ပြင်နိုင်ပါတယ်"

"ဒါက ကျွန်တော့်တာဝန်ပါလေ၊ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ မရှင်းတာတစ်ခုရှိသေးတယ် မရွှေစင်"

"ဘာများလဲ ကိုလိပ်ပုရဲ့"

"ခင်ဗျားပြောတဲ့ အကယ်ဒမီဆိုတဲ့ နာမည်နဲ့ ဒီဇာတ်လမ်းနဲ့ ဘာဆိုင်လို့လဲဗျ"

ဒေါ်ရွှေစင်သည် ခိုးခိုးခစ်ခစ် ကျိတ်ပြီး ရယ်လိုက်လေသည်။ လူသည် အများစုက ဆန့်ကျင်သော ကိစ္စကို၊ တစ်နည်းအားဖြင့် ခေတ်နှင့် မလျော်ညီသော ကိစ္စကို ပြုလုပ်မိပါက ဤသို့ပင် စိတ်မလုံမလဲဖြစ်တတ်ကြလေသည်။

အဘယ်ကြောင့်ဆိုသော်...။

"ဗေဒင်က ဟောထားလို့ ကိုလိပ်ပုရဲ့"

ကိုလိပ်ပုက ရယ်လိုက်လေသည်။

"ဒီမယ် မရွှေစင်၊ ကျွန်တော် တစ်ခုပြောမယ်။ အကယ်ဒမီဆိုတဲ့ နာမည်က ကောင်းပါတယ်။ ဗေဒင် ဘာညာတော့ ကျွန်တော် မသိဘူးပေါ့ဗျာ။ ဘာပဲဖြစ်ဖြစ် အဲဒီနာမည်နဲ့ လိုက်အောင် ဇာတ်ကွက်ကို ပြင်လိုက်ရင် ရနိုင်သားပဲ"

"ဘယ်လိုများလဲ ကိုလိပ်ပုရဲ့"

"မခက်ပါဘူးဗျာ၊ ခင်ဗျား ဇာတ်လမ်းထဲမှာ ဟိုချာတိတ်က ရုပ်ရှင်မင်းသား ပေါက်စမဟုတ်လား။ အဲ... ဇာတ်လမ်းထဲက ဒေါ်ငွေငွေဆိုတဲ့ မိန်းမကြီးကို ရုပ်ရှင်မင်းသမီးကြီး လုပ်လိုက်ပေါ့၊ ပြီးတော့ ဇာတ်လမ်းကိုလည်း ရုပ်ရှင်နယ်မြေ အခြေခံထားလိုက်၊ နောက်ဆုံး ကောင်လေးကို သတ်ပစ်ပြီးတဲ့နောက် ဒေါ်ငွေငွေ အကယ်ဒမီ ရသွားတယ်ပေါ့ဗျာ။ ပြီးတာပဲ။ ဒါဆိုရင် အကယ်ဒမီဆိုတဲ့ နာမည်နဲ့ လိုက်သွားတယ်ပေါ့။ မဟုတ်ဘူးလား"

ကိုလိပ်ပု၏ စကားနှင့်ပတ်သက်၍ နှစ်ဦးသား နားလည်မှုအပြည့် ရကြလေသည်။ ကိုလိပ်ပု၏ ဇာတ်ကွက်ဆင်ပုံ၊ ဒေါ်ရွှေစင် အကယ်ဒမီ ယူနေသည်ကိုလည်း အလိုအလျောက် ဇာတ်လမ်းထဲမှာ ပါဝင်စေပုံတို့ကို

mgyoe.com

mgyoe.com SAMPLE BOOK

ဒေါ်ရွှေစင် ကိုယ်တိုင်၌က နားလည်လိုက်လေသည်။

"နောက်တစ်ခု ရှိသေးတယ် မရွှေစင်ရဲ့"

"ဘာများလဲ ကိုလိပ်ပုရဲ့"

"တခြားမဟုတ်ပါဘူးဗျာ၊ ခင်ဗျား ဇာတ်လမ်းထဲမှာ နည်းနည်း ညစ်ညမ်းတဲ့ အခန်းလေးတွေ ပါနေတယ်။ ဇာတ်လမ်းစိစစ်ရေးအဖွဲ့က ခွင့်ပြုပါ့မလား မသိဘူး"

"ဒါတော့ ကိုလိပ်ပုပဲ ကြည့်ပြင်ပေါ့"

"ဒီလိုရှိတယ်ဗျ၊ ခင်ဗျားဇာတ်လမ်းထဲမှာ သားသမီးနဲ့ မိဘရဲ့မေတ္တာ၊ အချစ်စစ် အချစ်မှန်နဲ့ သွေးသားအလိုဆန္ဒဆိုပြီး သုံးမျိုးသုံးစားပါတယ်။ အဲဒီတော့ သွေးသားကိစ္စတွေကို ပါတယ်ဆိုရုံကလေး လိမ်လိမ်မာမာ တင်ပြပြီး ချစ်ခြင်းမေတ္တာကိစ္စကို အသားပေးမယ်။ ပြီးတော့ မိဘနဲ့ သားသမီးရဲ့ မေတ္တာကို ဇာတ်လမ်းရဲ့ အဓိကအဖြစ် ရည်ရွယ်ချက်ထားမယ်"

"ဒါဆိုရင် နောက်ဆုံး ကောင်လေးကို သတ်ပစ်ဖို့ကိစ္စ လွယ်ပါ့မလား။ အမှန်က ကျွန်မ ဇာတ်လမ်းမှာ ကောင်လေးကို အချစ်ကြီးလွန်းလို့ သတ်ပစ်ရတာပဲရှင့်"

"လွယ်ပါတယ်ဗျာ၊ အချစ်ကြီးလို့ သတ်ပစ်ရတာထက်စာရင် သမီးအပေါ်မှာ စော်ကားမော်ကားနိုင်လို့ ချစ်လျက်နဲ့ သတ်ပစ်ရတယ်ဆို ပိုမထိဘူးလား"

ဒေါ်ရွှေစင်သည် ကိုလိပ်ပု၏ လက်မောင်းကို အားရပါးရ ဆုပ်နယ်ပြီး လေးစားရှိသေသွားမိလေသည်။

ဆေးခွက်အတွင်းမှ ဆေးသည် ပန်းချီဆရာလောက် ပန်းချီကား တစ်ချပ်၏အကြောင်းကို ဘယ်မှာသိမည်နည်း။

"ဒါနဲ့ နေစမ်းပါဦး ကိုလိပ်ပုရဲ့၊ အကယ်ဒမီဆိုတဲ့ နာမည်ကို ဇာတ်လမ်းရဲ့ ဘယ်နေရာမှာ အသုံးချမှာလဲ"

"ဒီလိုဗျာ၊ ဇာတ်သိမ်း ကောင်လေးကို သေနတ်နဲ့ ပစ်သတ်လိုက်ပြီး တဲ့နောက်ပိုင်းမှာ ဒေါ်ဌေးဌေး သူ့တိုက်ပေါ် ပြေးတက်သွားမယ်ဗျာ။ မကြာခင်မှာဘဲ ရဲတွေ ရောက်လာကြမယ်။ ပထမ ဒေါ်ဌေးဌေးက ရဲတွေကို ခုခံမယ်ဗျာ"
mgyoe.com

mgyoe.com SAMPLE BOOK


"နေစမ်းပါဦးရှင့်၊ ရဲတွေက ဘယ်လိုလုပ် ရောက်လာမှာလဲ"

"လွယ်ပါတယ်ဗျာ၊ သစ်သစ်က အိမ်ပေါ်ကနေ တယ်လီဖုန်း ကြို ဆက်လို့ ရောက်လာတာပေါ့"

"ကြိုဆက်လို့ ရောက်လာတယ်ဆိုတော့ ဒီကိစ္စကို သစ်သစ် ကြိုသိနေလို့ ဖြစ်မှာပေါ့ရှင့်"

"အင်းလေ၊ သူ့အမေ သေနတ်ဆွဲထုတ်သွားတာ သစ်သစ်က မြင်လိုက်တာကိုး"

"ဒါဆိုရင် သစ်သစ်က သူ့ချစ်သူကို သတ်မယ့်အကြောင်း သိနေတဲ့နောက် သူ့အမေကို လိုက်ဆွဲမှာပေါ့ရှင်"

ကိုလိပ်ပုက ရယ်လိုက်လေသည်။

"ဘယ်ဟုတ်မလဲ မရွှေစင်ရဲ့၊ ခင်ဗျား ဇာတ်လမ်းထဲမှာ အဲဒီနေ့မနက်က သားအမိနှစ်ယောက် အကြီးအကျယ် စကားများထားတယ်မဟုတ်လား။ ဒီတော့ ဒေါ်ရွှေရွှေက ဟိုချာတိတ်ကို ပစ်သတ်ခါနီးမှာ သူ့သမီးအခန်းကို အပြင်ကနေ သော့ခတ်ပစ်ခဲ့တာပေါ့။ လွယ်ပါတယ်ဗျာ"

"ဒါဆိုရင် သစ်သစ်က ရဲကို တယ်လီဖုန်း ဘယ်လိုဆက်မလဲရှင့်"

"ဟား ဟား ဟား ခင်ဗျား ဇာတ်လမ်းထဲမှာ ဒေါ်ရွှေရွှေဟာ အလွန်ချမ်းသာတယ်ဆိုဗျ။ အမေတစ်ခန်း၊ သမီးတစ်ခန်းတော့ တယ်လီဖုန်းထားနိုင်တာပေါ့ဗျ"

"အင်း... ကိုလိပ်ပုတစ်ယောက်ဟာ ဒါကြောင့်လည်း နိုင်ငံကျော် ဒါရိုက်တာကြီးဖြစ်တာပဲ"

"အောင်မယ်၊ ကျုပ်ဂုဏ်ပုဒ်တွေကို ချန်မထားနဲ့လေ။ နိုင်ငံကျော် လူရွှင်တော် ဒါရိုက်တာဗျ၊ ဟား... ဟား... ဟား..."

"နေဦးရှင့်၊ သူ့သမီးအခန်းထဲ တယ်လီဖုန်း ရှိနေတာသိလျက်နဲ့၊ ပြီးတော့ သူ့သမီးချစ်သူကိုလည်း သူ သတ်တော့မယ့်အချိန်မှာ သူ့သမီးဟာ ရဲကို တယ်လီဖုန်းဆက်ပြီး အကြောင်းကြားနိုင်မယ်ဆိုတာ ဒေါ်ရွှေရွှေက မစဉ်းစားမိဘူးလား။ မသကာ တယ်လီဖုန်းကို တစ်ခါတည်း ဖြုတ်ယူသွားလည်း ရသားပဲ"

"မဟုတ်သေးဘူးလေ။ ဒေါ်ရွှေရွှေအနေနဲ့က ရဲကိုလည်း ဂရုမစိုက်

mgyoe.com

mgyoe.com SAMPLE BOOK


တော့ဘူး။ သူ အဖမ်းခံရမှာလည်း မကြောက်ဘူး။ အရေးကြီးတာက ဟို လူယုတ်မာကောင်လေးကို သွေးအေးအေးနဲ့ လွမ်းလွမ်းဆွေးဆွေး နှမြော တသစွာ သတ်ပစ်ဖို့က အဓိကပဲ။ အဲဒီအချိန်မှာ သူ့အနား ဘယ်သူမှမရှိဖို့ ဘဲ အရေးကြီးတယ်။ သတ်ပြီးပြီဆိုတဲ့နောက် ဘာဖြစ်ဖြစ် အရေးမကြီးတော့ ဘူး။ ရဲကိုလည်း သူ မမှုတော့ဘူး။ သူ့အသက်ကိုလည်း သူ မမှုတော့ဘူး"

"ကိုလိပ်ပုပြောတာ ကျွန်မ သိပ်သဘောမပေါက်သလိုပဲ"

"ရှင်းပါတယ် မရွှေစင်၊ ရှင်းပါတယ်။ သူ့နှလုံးသားတစ်ခုလုံး ဆုံးရှုံး ရပြီးတဲ့နောက် သူ ဘာကို မှုတော့မှာလဲ"

ဒေါ်ရွှေစင်သည် အလွန်အားရကျေနပ်စွာ ရယ်မောပျော်ရွှင်သွားလေ သည်။

"အင်း... ကိုလိပ်ပုကို ကျွန်မ နာမည်အသစ်တောင် ပေးလိုက်ချင်ပြီ"

"ဘယ်လိုများလဲဗျ"

"ဟင်းဟင်း... ဟင်းဟင်း၊ ဆားပုလင်းလိပ်ပုလို့"

"နေဦးဗျ၊ ဇာတ်လမ်းက မပြီးသေးဘူး"

ကိုလိပ်ပုသည် အရေးကြီးသော ဇာတ်သိမ်းပိုင်းကို ဆက်လေသည်။

"အဲသလို ရဲတွေရောက်လာတော့ ပထမ ဒေါ်ဌေးဌေးက ခံပစ်မယ် ဗျာ။ နောက် သူ့ကိုယ်သူပါ ပစ်သတ်မယ်လို့ အိမ်ပေါ်ကနေ ခြိမ်းခြောက်နေ တော့ ရဲတွေလည်း ဦးနှောက်ခြောက်ကုန်တာပေါ့။ အဲ... နောက်ဆုံး..."

ကိုလိပ်ပုသည် ထိုဇာတ်ကား မည်သို့မည်ပုံ ဇာတ်သိမ်းမည်ကို ဒေါ်ရွှေစင်အား အလုံးစုံ ပြောပြလိုက်လေသည်။

ဒေါ်ရွှေစင်သည် ဇာတ်သိမ်းကို သိရှိရသောအခါ ထခုန်မတတ် ဝမ်းမြောက်သွားပြီး ကိုလိပ်ပု၏ လက်ကို ဆွဲနမ်းပစ်လိုက်လေသည်။ ဒါကတော့ အလွန်ရိုးသားသော အနမ်းမျိုးဖြစ်ပါသည်။ ရိုသေလေးစား လွန်း၍ နမ်းခြင်းဖြစ်ပါသည်။

"ကိုလိပ်ပုရယ်၊ ရှင်ဟာ တကယ့်ကို လူတော်တစ်ယောက်ပါပဲ"

"ပြီးတော့ ခင်ဗျားကို ကြိုပြီး ဟောကိန်းထုတ်လိုက်မယ်။ အဲဒီဇာတ် သိမ်းပိုင်းနဲ့ ခင်ဗျား အကယ်ဒမီကို ရစေရမယ်။ ကျုပ် တာဝန်ယူတယ်"

"ကျွန်မလည်း အစွမ်းကုန်ကြိုးစားမယ်"

mgyoe.com

mgyoe.com SAMPLE BOOK


အနုပညာသမားတို့သည် အနုပညာနှင့်ပတ်သက်လာလျှင် အမယ်ဘုတ်၏ ချည်ခင်မှ ကြိုးစတစ်စကိုပင် ရလျှင် နှစ်ပေါင်းများစွာ ကြာပါစေ၊ မရ ရအောင် ဖြေနေတတ်ကြသည့် သဘာဝရှိ၏။

ကိုလိပ်ပုနှင့် မရွှေစင်တို့သည် သည် 'အကယ်ဒမီ' ဇာတ်ကားနှင့် ပတ်သက်၍ ရေဆုံး ရေဖျား ဆွေးနွေးနေကြလေတော့သည်။

"ဆိုတော့... သစ်သစ် နေရာကို ဘယ်သူ့သုံးမလဲ၊ အသစ်ပဲ တင်မလား"

"ကျွန်မ စိတ်ကူးကတော့ ဆွေဇင်ထိုက်ကလေး သုံးမလားလို့"

"ကျွန်တော့်သဘောကတော့ ခင်ဗျားနဲ့ ဆွေဇင်ထိုက်က အတွဲများတယ်။ မေဝင်းမောင်ကလေးဆို ခင်ဗျားနဲ့လည်း ရုပ်ချင်းဆင့်တယ်၊ မကောင်းဘူးလား"

"ကိုလိပ်ပု သဘောပဲလေ"

"အဲ... အရေးကြီးဆုံးက ဟိုချာတိတ် ကိစ္စပဲ။ ဒါလောက် ကောင်းပြီးသား ဇာတ်လမ်းဟာ သူ့ကြောင့် ယောင်ပေပေနဲ့ မျောသွားရင် ပျက်စီးကုန်မယ်။ သူ လုပ်နိုင်ပါ့မလား"

"ဒီလိုလုပ်လေ၊ ကိုလိပ်ပု လိုက်ကြည့်ပါလား။ နက်ဖြန်သွားလိုက်ကြရအောင်"

ကိုလိပ်ပု ဆက်မပြောတော့ချေ။ ဒေါ်ရွှေစင် အိမ်မှ ထပြန်ခဲ့လေ၏။

"ကောင်းပြီလေ၊ နက်ဖြန် ကျွန်တော် လာခဲ့မယ်"

"ကျွန်မ လာခေါ်မှာပေါ့ ကိုလိပ်ပုရဲ့"

*

ကိုလိပ်ပုသည် အပြန်လမ်းတွင် စဉ်းစား၏။ ဒေါ်ရွှေစင်သည် စိတ်ကူးအယဉ် လွန်ကဲနေပေပြီဟု။

ဒေါ်ရွှေစင်သည် ထိုဇာတ်လမ်းကို သူ့ဘဝနှင့် နှိုင်းယှဉ်ပြီး ရေးနေခဲ့သည်မှာ သေချာပေပြီ။

နံပါတ်တစ်... သူ၌ အချစ်ငတ်နေသည်။ သူ့ဇာတ်လမ်းထဲကလို တောင့်တောင့်ဖြောင့်ဖြောင့် ချာတိတ်တစ်ကောင်ကို စိတ်ကူးဖြင့်ချစ်ကြည့်၏။

mgyoe.com

mgyoe.com SAMPLE BOOK


ဘယ်သူဘယ်ဝါရယ်တော့မဟုတ်။ သည်လိုကောင်လေးတစ်ယောက်နှင့်များ ချစ်လိုက်ရလျှင် မည်သို့ ခေါင်းခေါက်လိုက်မည်၊ မည်သို့ ပေါင်တွင်းကြော ဆွဲလိမ်လိုက်မည်၊ မည်သို့ အလိုလိုက်လိုက်မည်၊ မည်သို့ အလိမ်အညာ အချွဲအပျစ်ကလေးတွေ ခံလိုက်မည်... စသဖြင့် အစ်မကြီးတို့၏ အချစ်ခံချင်ပုံ မျိုးကို ဆိုလိုပါသည်။

သည်မှာတွင် အမှတ်မထင်ဆိုသလို ဇေဇေ ဆိုသော စတီရီယို ကောင်လေးကို သွားတွေ့သည်။ သူ့စိတ်ကူးထဲက ရုပ်ပုံမျိုးဖြစ်နိုင်သည်။ ထိုအခါ ရုတ်တရက် သူ့စိတ်လှုပ်ရှားမိပုံရသည်။ သို့မဟုတ်လည်း မြင်မြင် ချင်း ဆိုသလို...။

အချစ်သည် ပြောရခက်သည်ဟု ကိုလိပ်ပု နားလည်ပါသည်။

မည်သို့ပင်ရှိစေ ဒေါ်ရွှေစင်သည် သူ အနှစ်နှစ် အလလ စိတ်ကူး ထားသောဇာတ်လမ်းတွင် ထိုမည်သော ဇေဇေ ဆိုသည့်ချာတိတ်ကို မောင်မြင့်ဆောင်အဖြစ် အစားထိုးရန် ဆုံးဖြတ်ပုံရသည်။

ပြီးတော့ မိဘမေတ္တာ။

သူသည် ခင်ပွန်းနှင့် ၁၅ နှစ်လုံးလုံး ကင်းကွာခဲ့ရသည့်အလျောက် ခင်ပွန်းနှင့်အတူ ပါသွားသော သူ့သမီးလေးကို လွမ်းသည်။ သမီးလေးကို ပြန်လိုချင်သည်။ ဘဝက အခြေအနေမပေး။

ဘဝက အခြေအနေမပေးသောအခါ စိတ်ကူးက အခြေအနေပေး သည်။ သမီးလေးကို စိတ်ကူးဖြင့် ပြန်ခေါ်သည်။ မည်သို့ ခေါ်သနည်း။

သူ့ဇာတ်လမ်းထဲမှာ သစ်သစ်အဖြစ် အစားထိုးလိုက်သည်။ သူ့ ခင်ပွန်းကို ဒေါ်ငွေငွေ၏ ခင်ပွန်း (သစ်သစ် ဖခင်) အဖြစ် အစားထိုးလိုက် သည်။

ကောင်းပြီ။ သမီးကို မည်သို့ပြန်ခေါ်မည်နည်း။ ဇာတ်လမ်းဖြစ်သော ကြောင့် လွယ်ပါသည်။ သူ့ခင်ပွန်းကို စိတ်ကူးဖြင့် သတ်ပစ်လိုက်သည်။ လူကြီးရောဂါ သို့မဟုတ် ပန်းနာရင်ကျပ်တစ်ခုခုဖြင့် သေစေလိုက်မည်။ သူ သေသောအခါ သမီးသည် မိခင်ထံ ပြန်ရောက်လာသည်။ ပြီးရောပေါ့။

ဒေါ်ရွှေစင်သည် ဤသို့အားဖြင့် သမီးကို သူ့ထံ စိတ်ကူးဖြင့် ပြန်ခေါ် သည်။

mgyoe.com

mgyoe.com SAMPLE BOOK


ဤသို့ ခေါ်လိုက်ရုံဖြင့် ဇာတ်လမ်းသည် မပြီးဆုံးပါ။ သူ၏ ကောင်လေးအပေါ် ဖောက်ပြန်နေသော မေတ္တာ၊ သမီးပေါ်ထားသော မေတ္တာကို အားပြိုင်ပေးဖို့ လိုလာသည်။ ဒါမှ ဇာတ်လမ်းက အရှိန်တက်မည်။

နောက်ပြီး ဇာတ်လမ်းတို့၏ သဘာဝသည် ဇာတ်ကွက်ကို စပြီး ချလိုက်သည်နှင့် နောက်ပိုင်းဇာတ်ကွက်တို့သည် ဖျောက်ပစ်လို့မရအောင်ကို သူ့အလိုလို ပေါ်လာတတ်သည်။

အဘယ်ကြောင့်ဆိုသော် ဇာတ်လမ်းဆိုသည်မှာ လူ့ဘဝကို ထင်ဟပ်ခြင်းဖြစ်သောကြောင့်ဖြစ်သည်။ လူ့ဘဝသည် လောကသဘာဝအတိုင်း ကွင်းဆက်တွေဖြစ်တတ်သည်။ ဆိုပါစို့–သူစိမ်းကောင်လေးတစ်ယောက် ရုပ်ရည်သင့်တင့်သည်၊ ပညာတတ်သည်၊ လုပ်ရည်ကိုင်ရည်ရှိသည်။ သူစိမ်းကောင်မလေးတစ်ယောက် ရုပ်ချောသည်၊ သဘောကောင်းသည်၊ အချက်အပြုတ်တတ်သည်။ ထိုနှစ်ယောက်သည် တစ်နေ့သောအခါ အိမ်နီးချင်းအဖြစ် ဆုံမိကြသည်၊ ကျောင်းမှာလည်း သူငယ်ချင်းတွေ ဖြစ်ကြသည်။ ဆိုလျှင်...။

ဤမျှ ပြောပြရုံနှင့် တစ်နေ့နေ့ သူတို့ နီးစပ်ကြတော့မည်ကို လူကြီးမင်း သိနိုင်ပါသည်။

ဒါသည် လူ့သဘာဝပင်မဟုတ်ပါလား။

ဤကဲ့သို့သော လူ့သဘာဝအကြောင်း (အသေးအဖွဲမျှသာ) ကို ဒေါ်ရွှေစင်ကလည်း သိပါသည်။

ထို့ကြောင့် ဒေါ်ငွေငွေ၏ သမီး သစ်သစ်နှင့် မောင်မြင့်ဆောင်ကို ဇာတ်လမ်းထဲမှာ နီးစပ်ပေးလိုက်သည်။ သည်တော့မှလည်း ဒေါ်ငွေငွေ၏ (ကလေးတို့ အခေါ်) ဖီလင်သည် တက်ချင်တိုင်း တက်လို့ရမည်။

ဒါသည် ဒေါ်ရွှေစင်၏ အဓိကလိုအပ်ချက်ဖြစ်သည်။ သူ့ အကယ်ဒမီ အရမ်းလိုချင်နေသည်ကို မှတ်မိကြပါသလား။

သည်တော့ သူ့ဘဝကိုလည်း အခြေခံသော၊ သူ့ဆန္ဒကိုလည်း အခြေခံသော၊ ဇာတ်လမ်းအနေနှင့်လည်း သူ့ဇာတ်ကွက်ချည်းသာ အခြေခံသော၊ အလွယ်ပြောရလျှင် မျက်ရည်အတု ထည့်စရာမလိုဘဲ အလိုလိုနေရင်း ငိုချင်တိုင်း ငိုလို့ရသော ဇာတ်လမ်းမျိုးဖြစ်နေသည်။ ပိုင်ပါပေသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဒေါ်ရွှေစင်ကို မည်သူ အပြစ်တင်ဝံ့ပါသနည်း။

သူ့အတွက် အကယ်ဒမီရရှိသာမက သူ့ဘဝကိုပါ တင်ပြပြီးဖြစ်သော ဤဇာတ်လမ်းကို ဖန်တီးရင်း (နားနှင့်မနာ ဖဝါးနှင့်နာကြပါကုန်) သူ့၏ဆန္ဒကိုပါ တဖြည်းဖြည်း ဖန်တီးလိုသောသဘော ဒေါ်ရွှေစင်၌ တည်ရှိကိန်းဝပ်နေပြီကို ကိုလိပ်ပု ကောင်းစွာ သဘောပေါက်လေသည်။

စာစာက ပြောသလို ပြောရလျှင် ပန်းချီဆရာသည် ဆေးခွက်ထဲမှ ဆေးရောင်တို့၏ သဘာဝကို ကောင်းစွာ သိနေပါသည်။

ဒါရိုက်တာတစ်ယောက်ဖြစ်ဖို့ဆိုသည်မှာ ရုပ်ရှင်ရိုက်တတ်ရုံနှင့် မပြီးပါ။ လူ့သဘာဝကို ဖွင့်မပြောဘဲနှင့် ရင်ခေါင်းထဲ ဝင်ကြည့်သလို မြင်တတ်မှ ဖြစ်ပါလိမ့်မည်။

ကိုလိပ်ပုသည် ဒေါ်ရွှေစင်အတွက် ကရုဏာသက်စွာ ပြုံးရင်း ဒေါ်ရွှေစင် ပြောပြသော ဇာတ်လမ်းကို မည်သို့ ဇာတ်ကွက်ထပ်ဖြည့်ရမည်ဟု စဉ်းစားနေလေတော့သည်။

မှန်သည်။ တကယ့်ပညာရှင်တို့သည် လူတစ်ဦးချင်း၏ဘဝကို ခဏသာ အချိန်ပေး စဉ်းစားပါသည်။

အထူးသဖြင့် အနုပညာရှင်တို့သည် လူများစု၏ ဘဝကို အလကားနေရင်း အားအားရှိတိုင်း အချိန်ပေးစဉ်းစားတတ်ကြသူများမဟုတ်ပါလား။

ဒေါ်ရွှေစင် ပြောပြသော ဇာတ်လမ်းကိုလည်း ဒေါ်ငွေငွေဆိုသူ မိန်းမကြီး (ဒေါ်ရွှေစင်၏ ပုံရိပ်) အကြောင်း တစ်ခုတည်းမစဉ်းစားဘဲ ဒေါ်ငွေငွေကဲ့သို့ အချစ်ငတ်နေသော၊ သားသမီးမေတ္တာငတ်နေသော မိန်းမကြီးပေါင်းမြောက်မြားစွာနှင့် ချိန်ညှိပြီး ဇာတ်ကွက်ဖြည့်ရန် စဉ်းစားနေခြင်းဖြစ်လေသည်။

ဇာတ်လမ်းကို စဉ်းစားနေသည့်ကြားမှပင် ကိုလိပ်ပုသည် တစ်စုံတစ်ရာကို ဖျတ်ခနဲ တွေးလိုက်မိ၏။

"အင်း… ရုပ်ရှင်နယ်မှာ နာမည်ပျက်မရှိဘဲ နေခဲ့တဲ့ မရွှေစင်တစ်ယောက် ဟိုချာတိတ်နဲ့များ တစ်စုံတစ်ရာ သူ့ဇာတ်လမ်းထဲကလို ဖြစ်သွားရင်တော့ လင်ကွာ မယားကွာ၊ လင်ငယ် မယားငယ်ကိစ္စပေါ်လာတိုင်း ရုပ်ရှင်နယ်ကိုသာ လာလာထိတတ်တဲ့ သဘာဝအတိုင်း တို့ရုပ်ရှင်နယ်အတွက်

mgyoe.com

mgyoe.com SAMPLE BOOK


နှာမည်ပျက်တစ်ခု တိုးတော့ဦးမှာပဲ”

ကိုလိပ်ပုသည် အနုပညာသည် ဒါရိုက်တာတစ်ယောက်ဖြစ်သည့်အတိုင်း၊ ဒေါ်ရွှေစင်နှင့် အလွန်ရင်းနှီးခင်မင်သူဖြစ်သည့်အတိုင်း၊ လူ့သဘာဝ၊ လူ့ဆန္ဒနှင့် လူ့စရိုက်တို့ကို ချိန်ဆပြီး ပြေးကြည့်တာထက်မှန်သော တွေးကြည့်ခြင်းဖြင့် သူ့စိတ်ထဲတွင် နိမိတ်ဆိုးတစ်ခုကို ခံစားရသလို နေနေလေတော့သည်။

✦

mgyoe.com

mgyoe.com SAMPLE BOOK

# | ၇ |

ဒေါ်ရွှေစင်ပိုင် မော်တော်ကားဖြင့် ရုပ်ရှင်မင်းသား ဦးဝင်းဦး နေထိုင်ရာ ဘားလမ်း စန္ဒာပုံနှိပ်တိုက်သို့ ရောက်ကြသည်။ ဒေါ်ရွှေစင်နှင့် ကိုလိပ်ပုတို့ကို ဆိုလိုပါသည်။

ဦးဝင်းဦးသည် ဘားလမ်း သူ့အခန်းကျဉ်းကလေးထဲတွင် ကျဉ်းကျဉ်းကျုတ်ကျုတ် နေတတ်ပေသည်။ တကယ့်ကို ဆော်ဒါဆောင်သာသာ အခန်းကလေးဖြစ်သည်။ သူများမင်းသားတွေလို အိမ်ရာ တိုက်တာနှင့် နေရသည်ကို ခံတွင်းတွေ့ပုံမရ။ လူပျိုကလည်း လူပျိုမို့ လူပျို လူလွတ်တို့၏ သဘာဝကို ခံမင်ပုံရသည်။

တစ်ယောက်တည်း၊ တစ်ခန်းတည်း၊ ရေခဲသေတ္တာ၊ တယ်လီဖုန်း၊ ကက်ဆက်၊ စားစရာအပြည့်အစုံ၊ ခွေးပုကလေးနှစ်ကောင်၊ ကြောင့်ရှစ်ကောင် (လားမသိ) နှင့် လွတ်လပ်စွာ နေတတ်သူဖြစ်သည်။ သည်ကြားထဲ စတိန်းဘက်(ခ်) ခေါ် ရုပ်ရှင်ပြစက် အသေးစားလေး (တယ်လီဗေးရှင်း) ရုပ်မြင်သံကြားသဘောမျိုးကလည်း ထားရှိသေးသည်။

သည်လုပ်ငန်းနှင့်ပတ်သက်၍အပြင် ကုမ္ပဏီများကလည်း သူ့ထံလာရောက်ကြသည်။

သည်လုပ်ငန်းသည် ရုပ်ရှင်သမားများအဖို့ တော်တော်အရေးပါ

mgyoe.com

mgyoe.com SAMPLE BOOK



သည်။ ဆိုပါစို့ အများသိသောကိစ္စ။ ကားဆက်ခြင်း။ ကားဆက်ခြင်းသည် ရုပ်ရှင်မှာ အရေးကြီးဆုံးကဏ္ဍ၌ ပါဝင်သည်။

ရိုက်ပြီးစ ဖလင်ရိုင်းများ (နဂ္ဂတစ်ဟု ရုပ်ရှင်သမားတို့ သိကြသည်။) ကို မလိုသည်များ ဖြတ်တောက်၊ လိုသည်များကို သူ့အခန်းနှင့်သူ ဆက်ရခြင်း ဖြစ်သည်။ ရိုက်ပြီးခါစ ဖလင်များသည် ဆတ်ဆတ်ထိ မခံပါ။ မတော်တဆ တစ်ကွက်တလေ ပြတ်သွား၊ ပျက်သွားလျှင် တကယ် ရုံတင်ပြသမည့် ဖလင်များ ကူးသောအခါ အစီအစဉ်မကျနတော့ဘဲ အရုပ်များခုန်ခြင်း၊ အသံများတုန်ခြင်းဖြစ်တော့မည်။

ထိုဖလင်များကို အစီအစဉ် ကျနအောင် ကားဆက်ရသောအခါ ဖလင်ကွက်တို့သည် သေးငယ်လှသဖြင့် အရုပ်များကို ပီပြင်စွာ မမြင်ရဘဲ ရှိနေသည်။ ရမ်းသန်း ဆက်လို့ကတော့ ရသည်။ သို့သော် မကောင်း၊ ခေတ်မမီ။

ဖလင်တစ်ကွက်သည် အားကောင်းမောင်းသန် ယောကျာ်းတစ်ယောက်၏ လက်သည်းခွံမျှသာ ရှိသည်ဖြစ်ရာ သည်လို အဆက်အစပ်မှု အတွက် မင်းသားလက်ထဲမှ စီးကရက် (ဆံချည်မျှင်မျှသာ မြင်ရသည်) ကို မျက်စိမွဲလောက်အောင် ကြည့်ယူရသည်။ အချိန်ကုန် လူပန်း။

ကားဆက်ပညာနှင့်ပတ်သက်၍ သာမန်လူတို့ ဤမျှ နားလည်ထား လျှင် လုံလောက်ပါပြီ။

ခုခေတ်မှာတော့ စက်တွေ ပေါ်နေပြီ။ ထိုမည်သော ဆတ်ဆတ်ထိမခံ ရိုက်ပြီးစ ဖလင်ရိုင်း (နဂ္ဂတစ်) ကို ပြကြည့်လို့ရသော စက်တွေ ပေါ်ပေပြီ။

သည်နေရာမှာ ပြောစရာတစ်ခုရှိသည်။ အဲသည် ဖလင်မျိုးကို ရုပ်ရှင် ပြစက်ရိုးရိုးဖြင့် ပြလို့တော့ကော မရတော့ဘူးတဲ့လား။ ရပါသည်။ သို့သော် စိတ်မချရ။ မတော်တဆ ခွေးသွားစိပ်နင်းပြီး ပြတ်သွားခဲ့လျှင် ဒုက္ခ။

ရုပ်ရှင်ရုံမှာ ကျွန်ုပ်တို့ နေ့စဉ်ကြည့်နေကြသော ဖလင်များမှာ အသင့် ကူးပြီးသား (ပေါ့စ္စတစ်) ခေါ် ဖလင်ချောများဖြစ်သည်။ ပြတ်လိုက ပြတ် ပါစေ၊ ပြန်ပြီး ကူးလို့ရသည်။

စောစောက ပြောသလို ဓာတ်ပုံရိုက်သည့်သဘောဖြစ်သည်။ ဓာတ်ပုံ ပျက်သွားလျှင် မူလ ဖလင်ရှိပါက ပြန်ကူးလို့ရသည်။ ဖလင်ပျက်သွားလျှင်

mgyoe.com